ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ ကြာသပတေးနေ့၊ (3-7-2008) (၅၇၂၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား၊အာရ်၊ လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်
ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆာဂေး၊ဆီဒေါ်စကီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလ လမ်းတစ်လျှောက်ရှိ ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လူသွားစင်္ကြံများပြုပြင်ခင်းကျင်းမှုနှင့် ရေမြောင်းများဆယ်ယူမှု အခြေအနေများ
ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ လိုက်ပါလျက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့တွင်း၌ ခရီးသွားပြည်သူများ လုံခြုံချောမွေ့စွာ ခရီးသွားလာနိုင်ရေးအတွက် လူသွားစင်္ကြံများ ပြန်လည်ပြုပြင်ခင်းကျင်းနေမှုနှင့် ရန်ကုန်မြို့ရှိ လမ်းများ ရေနစ်မြုပ်မှုမှ ကာကွယ်နိုင်ရေးအတွက် ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများ ဆယ်ယူနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဆူးလေဘုရားလမ်း ဂရင်းမီးရထားဟိုတယ်အနီးသို့ ရောက်ရှိကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တို့၌ ပျက်စီးနေသော လူသွားစင်္ကြံများ ပြန်လည်ခင်းကျင်းနေမှုနှင့် လူသွားစင်္ကြံတိုးချဲ့ခင်းကျင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၅၁)လမ်းထိပ်သို့ ရောက်ရှိကြပြီး မဟာဗန္ဓုလလမ်းတစ်လျှောက်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရေနုတ်မြောင်းများတွင် ပိတ်ဆို့နေသော အမှိုက်နှင့်နုန်းများအား ပြန်လည်တူးဖော်ဆယ်ယူနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကုန်သည်လမ်း မဟာဗန္ဓုလပန်းခြံဘေးသို့ ရောက်ရှိကြပြီး လူသွားစင်္ကြံများ ပြန်လည်ခင်းကျင်းနေမှု၊ လေမုန်တိုင်းကြောင့် ပျက်စီးသွားသည့် မဟာဗန္ဓုလပန်းခြံဝင်းထရံ ပြန်လည်တည်ဆောက်ပြီးစီးမှုနှင့် မဟာဗန္ဓုလပန်းခြံအတွင်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့နယ် ပြည်လမ်းရှိ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့✳**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

"မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ အစဉ်အလာကောင်းများ ရှိနေခြင်းဟာ မြန်မာအမျိုးသမီးများရဲ့ ချစ်ခင်ဖွယ်ဝေလေ့၊ ဂုဏ်ယူဖွယ် အမူအကျင့်များဖြစ်ပါတယ်"

ခင်အုန်းမြင့်(ပြန်/ဆက်)၏ "သမီးလေးအတွက် အမေ့မေတ္တာစာ"

(ဆောင်းပါး) စာမျက်နှာ - ၆

ကြေးမုံ The Mirror
၃-၇-၂၀၀၈
(ကြာသပတေးနေ့)

အမျိုးသမီးများ ဂုဏ်ရည်ဆက်လက်ထိန်းသိမ်းမြှင့်တင် နိုင်ငံတော်တည်ဆောက်ရေးတွင် ကျရာကဏ္ဍကပါဝင်

မြန်မာအမျိုးသမီးများ အားလုံးအတွက် အမျိုးသမီးရေးရာကော်မတီကို စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် သတ်မှတ်ကာ ၁၉၉၈ ခုနှစ်မှစ၍ နှစ်စဉ်အခမ်းအနားများ ကျင်းပလာခဲ့သည်။ သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စိတ်ဓာတ်၊ အများအကျိုးသယ်ပိုးထမ်းဆောင်နိုင်မှု၊ အမျိုးသားများနှင့် တန်းတူရည်တူ စွမ်းဆောင်နိုင်မှုဂုဏ်ရည်များကို ဖော်ညွှန်းဂုဏ်ပြုခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ ထက်ဝက်ကျော်မှာ အမျိုးသမီးများဖြစ်သည်နှင့်အညီ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေး လွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်လုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ပြုစု ပျိုးထောင်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု၊ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်ကတည်းကပင် ဥပဒေအရလည်းကောင်း၊ ဓလေ့ထုံးစံအရလည်းကောင်း အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိခဲ့ကြသည်။ နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ခေတ်အဆက်ဆက်တွင် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အစဉ်အလာရှိသည်။ ရိုးရာဓလေ့ထုံးတမ်းအရ သိမ်မွေ့ကြသကဲ့သို့ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရာတွင်လည်း စံနမူနာ ယူဖွယ်ဖြစ်သည်။

အမျိုးကို ချစ်ခင်မြတ်နိုး စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏သိက္ခာ၊ အမျိုးသမီးတို့၏အင်အား၊ အမျိုးသမီးတို့၏တန်ဖိုးနှင့် ဆက်စပ်ယှက်နွှယ်လျက်ရှိရာ မိမိတို့၏ဂုဏ်ရည် ထာဝစဉ် တင့်တယ်ဝင့်ထည်နေစေရေး အလေးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။

နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုတို့ ထာဝရတည်တံ့ခိုင်မြဲနေရန် လိုအပ်သည်။ မိမိတို့၏နိုင်ငံကို အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပေးဆပ် ကာကွယ်စောင့်ရှောက်ရုံမျှမက ယဉ်ကျေးမှုဟူသည့် တံတိုင်းဖြင့်လည်း ကာရံထားကြရမည် ဖြစ်သည်။ အထူးသဖြင့် အမျိုးကိုချစ်သည့်စိတ်ဓာတ် ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် စောင့်ထိန်းကာကွယ် စောင့်ရှောက်သွားကြရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် မျိုးရိုးအစဉ်အလာအရ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြပြီး ခေတ်အဆက်ဆက်အမျိုးသားရေးအကျိုးစီးပွားအတွက် စွမ်းစွမ်းတမံ ပါဝင်ထမ်းရွက်ခဲ့ကြသည်။ ယနေ့ကာလတွင်လည်း မြန်မာအမျိုးသမီးထုတစ်ရပ်လုံးက မိမိတို့၏ အမျိုးသမီးများဂုဏ်ရည်ကို ထိန်းသိမ်း မြှင့်တင်ရင်း နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍက ဆက်လက် ပါဝင်ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ မုန်တိုင်းသင့်ဒေသများအတွက် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ရေနံဆီ၊ ဒီဇယ်ဆီ မီးဖိုအလုံး ၁၀၀၀ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂

မုန်တိုင်းသင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမသို့ အမှတ်(၂)စက်မှုဝန်ကြီးဌာနက တတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ရေနံဆီ၊ ဒီဇယ်ဆီ မီးဖိုအလုံး ၁၀၀၀ ကို မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကိုကိုကြီးက လာရောက်ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ မုန်တိုင်းသင့်ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊မုန်တိုင်းသင့် ဒေသများအတွက် အလှူငွေနှင့် ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေထံ မုန်တိုင်းသင့် ပြည်သူများအတွက် အမှတ်(၂) စက်မှုဝန်ကြီးဌာနက တတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ရေနံဆီ၊ ဒီဇယ်ဆီ မီးဖိုအလုံး ၁၀၀၀ ကို မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကိုကိုကြီးက ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

သုညတဓမ္မရိပ်သာ ဝါဆိုသင်္ကန်း ကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)ရပ်ကွက်ဇိနမာရ်အောင်စေတီအနီး သုညတဓမ္မ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌(၁၃၇၀ပြည့်နှစ်ဝါဆိုလဆန်း ၄)ရက် ဇူလိုင် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် သံဃာတော်အပါး ၅၀ အား ဝါဆိုသင်္ကန်းကပ်မည်ဖြစ်ရာ တစ်စုံလျှင်ငွေကျပ် ၇၅၀၀၊ နဝကမ္မငွေကျပ် ၂၅၀၀ ဖြင့် လှူဒါန်းနိုင်ကြောင်းနှင့်ဦးကျော်သန်း-ဒေါ်တင်တင် မိသားစု၊ ဒေါ်ချားရီမိသားစု၊ ဦးစိုင်းဖော်ထွန်းသန်း-ဒေါ်လဲ့လဲ့ဝင်း မိသားစု၊ ဦးစိုင်းတင်စိုးသန်း-ဒေါ်မိုးအောင်ဆန်းမိသားစုတို့က နေ့ဆွမ်းလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ လှူဒါန်းလိုပါက သုညတဓမ္မရိပ်သာ ဖုန်း- ၀၉၅၁၇၉၃၄၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ တပ်ဖွဲ့ဝင်များက ပါဝင်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂

ဧရာဝတီတိုင်းအတွင်းရှိ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၆ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဌေးနိုင် ဦးစီး၍ ကွပ်ကဲမှုအောက် တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များသည် လပွတ္တာမြို့နယ်(၃)မိုင်စခန်းရှိ လေဘေးသင့်ကလေးငယ်များနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် ယာယီစာသင်ဆောင်များကို ဇွန် ၂၄ ရက်မှစတင်၍ ဆောက်လုပ်လျက်ရှိရာ ယခုအခါ ယာယီစာသင်ဆောင်လေးဆောင် ဆောက်လုပ်ပြီးဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အချိန်မီ စာသင်ကြားနိုင်ရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သီရိမင်္ဂလာလမ်းနေ ဒေါ်ခင်မေမေ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဘိုးဘွားများအား တစ်နေ့တာ အထူးအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(လူငယ်)များ လှိုင်းဘုန်းဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

လေဘေးသင့်ဒေသများသို့ရှေ့တန်းစခန်းအဖွဲ့ ခြောက်ဖွဲ့ခွဲ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဖွဲ့(၁)မှ ဒေါက်တာဇော်မင်းအောင် (ကရင်ပြည်နယ်) ခေါင်းဆောင်သောအဖွဲ့တွင် ကရင်ပြည်နယ်မှ ၁၂ ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ၁၂ ဦး၊ ရခိုင်ပြည်နယ်မှ၁၂ ဦး၊ဧရာဝတီတိုင်းမှ ဒေသခံ ငါးဦး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ နှစ်ဦး စုစုပေါင်း ၄၃ ဦးပါဝင်သော မော်လမြိုင်ကျွန်းမြို့နယ်၌ ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (လူငယ်)များသည် လေဘေးသင့်ဒေသဖြစ်သော လှိုင်းဘုန်း ကျေးရွာအုပ်စု၌ ယာယီစာသင်ကျောင်းများကို အမိုးမိုးပေးခြင်း၊ ကျောင်းဝင်းအတွင်း လမ်းများခင်းပေးခြင်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သာသနိကအဆောက်အအုံများ ပြုပြင်ပေးခြင်း၊ လဲကျသစ်ပင်များ ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ကျေးရွာသန့်ရှင်းရေးနှင့် အနံ့အသက်များ ပျောက်စေရန် ဘိုင်အိုဂရိတ်ဆေးများ ပက်ဖျန်းခြင်း၊ ရောက်ရှိလာသော လက်တွန်းထွန်စက်များကို ကူညီတပ်ဆင်ပေးခြင်း၊ လူနာများအား ဆေးကုသပေးခြင်းနှင့် လိုအပ်လျှင် ကျန်းမာရေးဌာနသို့ အရောက်ပို့ပေးခြင်း၊ အသင်းဝတ်စုံများနှင့် အဝတ်အထည်များ လှူဒါန်းခြင်း၊ သောက်ရေသန့်ရရှိရေးအတွက် ရေကန်များမှရေငန်နှင့်ရေဆိုးရေညစ်များ စုပ်ထုတ်ပေးခြင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် ကျေးရွာလမ်းများပြုပြင်ခြင်းစသည့် လေဘေးသင့် ဒေသပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ဦးမောင်ဝင်းအား ရည်စူး၍ ဗိုလ်တထောင်မြို့နယ် ၆၅ လမ်းနေ ဒေါ်ချောင်လန်ယု မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေး ပဒေသာပင် အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)



ဓနုဖြူတိုက်သစ်ကျောင်းတရားစခန်း

ရန်ကုန် ဇူလိုင် ၂

တောင်ဥက္ကလာပမြို့နယ် (၁၄/၂) ရပ်ကွက် ဇင်ယော်လမ်း သဒ္ဓမ္မပါလ ဓနုဖြူတိုက်သစ်ကျောင်း၌ (၃၁) ကြိမ်မြောက်ဝိပဿနာခုနစ်ရက်တရားစခန်းကို ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန(သာသနဓဇမ္မာစရိယ) က ဝိပဿနာတရားတော်များကိုဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်ရန် စာရင်းပေးထားသောယောဂီများ ဇူလိုင် ၁၀ ရက် ညနေ ၆နာရီအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။ (က-ပ)

ဒေးဒရဲမြို့နယ် ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ရထားပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂

ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ်၌ အခြေပြု၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နေသော ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဌာနဆိုင်ရာဝန်ထမ်းများ လိုက်ပါလျက် ဇွန် ၃၀ ရက် နံနက်ပိုင်းတွင် ဒေးဒရဲမြို့နယ် သံဒိတ်ကျေးရွာသို့ရောက်ရှိပြီး ရွေးဦးစွာ ကျေးရွာရှိ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ အမြဲတမ်းနေအိမ်များ ဆောက်လုပ်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် ယာယီဆောက်လုပ်ထားသော ကျေးရွာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသား၊ ကျောင်းသူများ စာသင်နေမှုကိုကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွာဦးဓမ္မရက္ခိတ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓအား ဖူးမြော်ကြည်ညိုကာ သိမ်ကျောင်း ပြန်လည်ပြုပြင်ရန်အတွက် သွပ်နှင့်အလှူငွေများကိုလည်းကောင်း၊ နာဂသိဒ္ဓိဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တတိက္ခဉာဏအား ဖူးမြော်ကြည်ညိုပြီး ဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ရန်အလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် စေတနာရှင်ပြည်သူများမှ လှူဒါန်းဆောက်လုပ်လျက်ရှိသော ကျေးရွာမူလတန်းကျောင်းတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက်ဝန်ကြီးသည်အမြဲတမ်းနေအိမ်များ ဆောက်လုပ်မည့်နေရာကို ရွေးချယ်သတ်မှတ်ပေးပြီး အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသူတို့အား မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ကျုံ့ဒါးကျေးရွာသို့ သွားရောက်၍ ဒေဝကုမ္ပဏီမှတာဝန်ယူတည်ဆောက်လျက်ရှိသည့် အမြဲတမ်းနေအိမ်များ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စုပေါင်းဆောင်ရွက်

သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး စီမံချက်အရ ဌာနဆိုင်ရာမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များက ဇွန် ၂၉ ရက်တွင် ၁/အနော်မာရပ်ကွက်လုံးကျွတ် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်း စုပေါင်းဆောင်ရွက်ကြစဉ်။
(၅၃)

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၂

မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်ပစ္စည်းများဆုံးရှုံးသွားသော ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများအနေဖြင့် အဖွဲ့အစည်းအလိုက် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အောက်ပါပစ္စည်းများအတွက် ကျသင့်သောအလှူငွေများကို ရန်ကုန်မြို့ မီးသတ်ဦးစီးဌာနရုံးချုပ်ရှိ နာဂစ်မုန်တိုင်းဒဏ်သင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများလက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

	ပစ္စည်း	သင့်ငွေ
၁။	လူနေအိမ်တစ်လုံး	၆၀၀၀၀ဝိ/-
၂။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်ပါ)	၄၀၀၀၀ဝိ/-
၃။	(၂၁)ပေရှိ ငါးဖမ်းလှေတစ်စင်း(စက်မပါ)	၂၀၀၀၀ဝိ/-
၄။	လက်တွန်းထွန်စက်တစ်စီး	
	(က) လယ်ယာ-၁၆	၁၀၉၀၀၀ဝိ/-
	(ခ) လယ်ယာ-၂၂	၁၅၅၀၀၀ဝိ/-
	(ဂ) ဧရာ-၁	၁၁၂၈၆၀ဝိ/-
၅။	ဓာတ်မြေဩဇာတစ်အိတ်	၁၈၀၀ဝိ/-

(သတင်းစဉ်)

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေး ဖွင့်ပွဲကျင်းပ

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် အမှာစကားပြောကြား

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် (၄၃)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ အစည်းအဝေး (The 43rd Meeting of the ASEAN Committee on Culture and Information -ASEAN-COCI) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင် အဆင့်မြင့် အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဖောင်ဒေးရှင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ စုစုပေါင်း ၇၈ဦးတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ မြို့တော်သစ်ဖြစ်သော နေပြည်တော်သို့ရောက်ရှိလာကြသည့် အာဆီယံနိုင်ငံများမှ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များအား ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာနက (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံကျင်းပခြင်းဖြစ်ကြောင်း၊ ယခု အစည်းအဝေးသည် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ကပူးပေါင်း၍ လက်ခံကျင်းပခြင်းဖြစ်ကြောင်း။

ယခုကျင်းပသော (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီအစည်းအဝေးသည် ပြီးခဲ့သည့်နှစ်က ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းများ၊ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများနှင့် တင်သွင်းထားသည့် စီမံကိန်းအသစ်များကို ပြန်လည်သုံးသပ်ဆွေးနွေးမည့် အစည်းအဝေးဖြစ်ကြောင်း၊ အဆိုပါ စီမံကိန်းများသည် ကမ္ဘာပေါ်ရှိလူသားများအကြား အာဆီယံအကြောင်း သိရှိနားလည်နိုင်ရန်မြှင့်တင်ပေးသော စီမံကိန်းဖြစ်ကြောင်း၊ အာဆီယံ၏မြင်ကွင်းပုံရိပ်ကို ကမ္ဘာပေါ်တွင် ထင်ဟပ်စေရန်နှင့် ကွဲပြားခြားနားသော အာဆီယံ၏ယဉ်ကျေးမှုများကို မြင်တွေ့လို၍ လာရောက်လည်ပတ်မည့် ဧည့်သည်များအားကြိုဆိုနိုင်ရန်အတွက် အကြံဉာဏ်သစ်များ၊ အတွေး အခေါ်သစ်များကို အတူတကွ ဆွေးနွေးကြမည်ဖြစ်ကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံလူမှုအသိုက်အဝန်းကို တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် အာဆီယံရည်မှန်းချက်(၂၀၂၀)နှင့်အညီ ဗီယင်ကျန်းက ရှေ့လုပ်ငန်းစဉ်(VAP)ကို ၂၀၁၅ခုနှစ်အထိ ရည်ရွယ်၍ လုပ်ငန်းစဉ်များကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း၊ ရည်မှန်းချက်၏ အစိတ်အပိုင်းတစ်ခုမှာ အာဆီယံ၏ စီးပွားရေးနှင့် လူမှုရေးကို ပေါင်းစပ်ထားခြင်းဖြစ်ကြောင်း၊ အထူးသဖြင့် လွတ်လပ်စွာ ကုန်သွယ်သည့် ဒေသတစ်ခုအဖြစ် လည်းကောင်း၊ ငွေကြေးရင်းနှီးမြှုပ်နှံသည့် ဒေသတစ်ခုအဖြစ်လည်းကောင်း၊ အခမဲ့ဝန်ဆောင်မှုပေးသော ဒေသတစ်ခုအဖြစ်လည်းကောင်း၊ ပြန်ကြားရေးနှင့် ယဉ်ကျေးမှုအပြန်အလှန် လွတ်လပ်စွာ ဖလှယ်နိုင်သောဒေသတစ်ခုအဖြစ် လည်းကောင်း အကောင်အထည်ဖော်လျက်ရှိကြောင်း။

အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(COCI)သည် အာဆီယံလူမှုအသိုက်အဝန်းထံမှ ကွဲပြားခြားနားသော လူမျိုးစုများနှင့် စီမံကိန်းများစွာကို လုပ်ရှားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်ဆက်သွယ်ရေးဆိုင်ရာ ပညာရှင်များနှင့် ယဉ်ကျေးမှုဆိုင်ရာ ပညာရှင်များက အပြည်ပြည်ဆိုင်ရာလူမှုအသိုက်အဝန်းတွင် အာဆီယံကို နားလည်သိရှိရန်နှင့် အာဆီယံ၏ရည်မှန်းချက်ကို ရရှိစေရန်အတွက် ဖန်တီးဆောင်ရွက်ရန်လိုအပ်ကြောင်း။

ပဥ္စမအကြိမ်မြောက် အာဆီယံ+၃ ယဉ်ကျေးမှုအနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ အစည်းအဝေးကို နေပြည်တော်၌ ယခုနှစ်ဇန်နဝါရီလက ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် အသေးစားနှင့် အလတ်စား ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများထုတ်လုပ်မှုဆိုင်ရာ စီမံကိန်းများအတွက် အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဟု စဉ်းစားခဲ့ကြကြောင်း။

အာဆီယံ+၃ဆိုင်ရာလုပ်ငန်းစဉ်အောက်တွင် အဓိကလုပ်ငန်းစဉ်များဖြစ်သော အာဆီယံဒေသတွင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ် ကွန်ရက်ထူထောင်ရေးတို့အတွက် စီမံကိန်းများပူးပေါင်းဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်းအဖြစ် ဆွေးနွေးခဲ့ကြကြောင်း၊ ယခု ဆဋ္ဌမအကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင်လည်း အဆိုပါစီမံကိန်းအစီအစဉ်များကို ဆက်လက်ဆွေးနွေးကြမည်ဟု မျှော်လင့်ပါကြောင်း။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် ခံရပြီးနောက်ပိုင်း မြန်မာနိုင်ငံသည် ယခုကဲ့သို့ အစည်းအဝေးများကို ဖြစ်မြောက်အောင် လက်ခံကျင်းပပေးလျက်ရှိကြောင်း၊ မေ ၂ရက်နှင့် ၃ရက်တို့က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် ရန်ကုန်မြို့ဧရိယာနှင့် ဧရာဝတီတိုင်း၏ တောင်ဘက်ပိုင်းတို့ကို ဝင်ရောက်ဖျက်ဆီးခဲ့ကြောင်း၊ ယင်းနေ့က မြန်မာလူမျိုးတို့အတွက် ကြောက်စရာအိပ်မက်ဆိုးတစ်ခုဖြစ်ခဲ့ကြောင်း၊ ရာပေါင်း၊ ထောင်ပေါင်းများစွာသော ပြည်သူများသေဆုံး၊ ပျောက်ဆုံးခဲ့ရကြောင်း၊ ဒေသခံပြည်သူများလည်း ၎င်းတို့၏ ဆွေမျိုးများနှင့် ပိုင်ဆိုင်မှုများ ပျောက်ဆုံးခဲ့ရကြောင်း၊ ယနေ့အခါတွင် မိမိတို့မြန်မာနိုင်ငံအစိုးရသည် မုန်တိုင်းဒဏ်ခံခဲ့ရသော ဧရိယာများတွင် အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအသင်းအဖွဲ့များနှင့် ကုလသမဂ္ဂ၏ အကူအညီများကိုရယူကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

အရေးကြုံသည့်အခါ ဝိုင်းဝန်းလက်တွဲကူညီပေးခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ကျေးဇူးအထူးတင်ရှိပါကြောင်းကို ပြောကြားလိုကြောင်း၊ မြို့တော်အသစ်ဖြစ်သော နေပြည်တော်တွင် ကိုယ်စားလှယ်များပျော်ရွှင်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာလူမျိုးတို့၏ ခင်မင်ဖော်ရွေမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကြောင့် မိမိ၏အိမ်ကို ရောက်နေသကဲ့သို့ ခံစားရမည်ဖြစ်ကြောင်း၊ ယခု (၄၃)ကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့မှ အကျိုးရလဒ်ကောင်းများထွက်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသွားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်က ၂၀၀၈ခုနှစ်အတွက် အာဆီယံသတင်းဖလှယ်ရေးအစီအစဉ် ထူးချွန်ဆု (Asia Vision Award) ရရှိသည့် စင်ကာပူသမ္မတနိုင်ငံကိုယ်စား ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ထံ ဆုကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဖောင်ဒေးရှင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ(COCI) စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရွှေနန်းတော်ဟိုတယ်၌ စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်အဖြစ် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Angelica C. Escalona က ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိနှင့် အစည်းအဝေးသို့တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ကြောင့် ထိခိုက်ဆုံးရှုံးရသူများ အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ခေတ္တငြိမ်သက်၍ ဆုတောင်းမေတ္တာပို့ကြသည်။

ယင်းနောက် သဘာပတိက အမှာစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီ(COCI)စုံညီအစည်းအဝေးတွင် ဆွေးနွေးကြမည့် အစီအစဉ်များကို အတည်ပြုကြပြီး သဘာပတိက လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျင်းပပြီးစီးခဲ့သော အစည်းအဝေးများနှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များကို ဆွေးနွေးညှိနှိုင်းကြရာ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁၀ရက်မှ ၁၃ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သော တတိယအကြိမ်မြောက် အာဆီယံ ယဉ်ကျေးမှုနှင့် အနုပညာဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ပဥ္စမအကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အာဆီယံအမြဲတမ်းကော်မတီအစည်းအဝေးနှင့် ၂၀၀၈ ခုနှစ် ဧပြီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် အာဆီယံလူမှုအသိုက်အဝန်းညီလာခံနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးက ဆွေးနွေးတင်ပြသည်။

ယင်းနောက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များကို အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်အဖွဲ့ဝင် တစ်ဦးက ဆွေးနွေးတင်ပြသည်။

ထို့နောက် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့၌ကျင်းပခဲ့သော (၉)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးအစီရင်ခံစာနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၄ ရက်နှင့် ၅ ရက်တို့တွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပခဲ့သော အာဆီယံပြန်ကြားရေးဆပ်ကော်မတီ အစည်းအဝေး အစီရင်ခံစာနှင့်စပ်လျဉ်း၍လည်းကောင်း တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ စုံညီအစည်းအဝေးကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီတွင် ရွှေနန်းတော်ဟိုတယ်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ညပိုင်းတွင် မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌက (၄၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီအစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဖောင်ဒေးရှင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များအား ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် "ကျားကလေးရဲ့ မွေးရပ်မြေ" အပိုင်း(၉)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ပါစေ" အပိုင်း (၁၉)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ဆန့်ကျင်ဘက် နှလုံးသား" အပိုင်း (၂၄) ဇာတ်သိမ်း**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

မျိုးချစ်မြန်မာ သမီးရတနာ

☆ နံ့သာလိမ်းကျံ၊ ပန်းလှပန်၍
ကိုယ်ဟန်မူရာ၊ သိမ်မွေ့စွာနှင့်
မြန်မာမလေး ယဉ်ကျေးသည်။

☆ အိမ်တွင်းမှုလုပ်၊ မတွန့်ဆုတ်ဘဲ
သိမ်းထုပ်သေချာ၊ အလိမ္မာနှင့်
မြန်မာမလေး ငြိမ်းအေးသည်။

☆ သားကိုသခင်၊ လင်ကိုဘုရား
စကားပမာ၊ ထားသစ္စာဖြင့်
မြန်မာမလေး ရိုးသားသည်။

☆ သြော်. . .မြန်မာကမွေး၊ မြန်မာ့သွေးမို့
မြန်မာမလေး၊ အလှပဂေးတို့
ယဉ်ကျေးမူရာ၊ သိမ်မွေ့စွာလျှင်
လိမ္မာငြိမ်းအေး၊ သစ္စာတေးဖြင့်
ရှေးမူမပျက်၊ ရိုးသားလျက်လည်း
ထက်မြက်သည့်ခါ၊ ဓားပမာတည့်
သိက္ခာနှင့်ယှဉ်၊ သံမဏိပင်တည့်
နီလွင်စွေးစွေး၊ ဇာတိသွေးနှင့်
နီးဝေးမခြား၊ ကိုယ့်ပြည်အားလျှင်
ထိပါးရန်စ၊ ကျူးကျော်ကမူ
လုံးဝတုံ့ပြန်၊ ငုံ့မခံဘဲ
တော်လှန်တိုက်ပွဲ၊ ရင်ဆိုင်နွဲကာ
ရဲရင့်မာန်လှိုင်း၊ မတုံ့ဆိုင်းကြောင်း
သမိုင်းကိုကြည့်၊ သက်သေရှိ၏
အမိမြေအကျိုး၊ ထမ်းသယ်ပိုးသည့်
မျိုးချစ်မြန်မာ၊ သမီးရတနာကို
ကောင်းစွာဦးတည်၊ မျှော်မှန်းရည်
၃ ရက် ဇူလိုင် ဂုဏ်ပြုသည်။ ။

(မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်-)

မြင်းမူမောင်နိုင်မိုး

၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆုရရှိသော မြင့်သိန်း(ရှုပ)၏ ပုံ။ (အပေါ်ပုံ)

၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဒုတိယဆုရရှိသော အောင်ကျော်ထွန်း (ပုသိမ်ကြီး)၏ ပုံ။ (အောက်ပုံ)

၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် တတိယဆုရရှိသော ကိုကိုစိုးညွန့် (နယူးလိုက်အော့ဖ်မြန်မာ)၏ ပုံ။ (အောက်ဆုံးပုံ)

ဓာတ်ခွဲခန်းတွင် မတော်တဆတွေ့ရသော မှိုမှ ကင်ဆာရောဂါကုသဆေး ထုတ်လုပ်နိုင်

ဝါရှင်တန် ဇူလိုင် ၁

နာနိုနည်းပညာကိုအသုံးပြု၍ ဆေးဝါးသစ် ဖော်စပ်ထုတ်လုပ်ရန် ကြိုးပမ်းစဉ် ဓာတ်ခွဲခန်းသုံးကိရိယာများတွင် မတော်တဆတွေ့ရှိရသော မှိုတစ်မျိုးသည် ကင်ဆာဆဲလ်အမျိုးအစား အတော်များများကို ထိန်းချုပ်နိုင်သည်၊ သို့မဟုတ် သေစေနိုင်သည်ကိုလေ့လာတွေ့ရှိရကြောင်း အမေရိကန်သုတေသီများက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

လိုဒါမင်းဆေးဝါး

သုတေသနစမ်းသပ်မှု ပြုလုပ်နေစဉ် ဒေါက်တာဂျူဒါဖော့လ်မင်းသည် အဆိုပါမှိုကိုတွေ့ရှိရခြင်းဖြစ်သည်။ ယင်းမှိုမှ ထုတ်ယူထားသော လိုဒါမင်းခေါ် ဆေးဝါးသည် ကင်ဆာဆဲလ်များသို့သွေးမရောက်စေရန် ဖန်တီးပေးခြင်းအားဖြင့် ကင်ဆာဆဲလ်များ အစာရေစာပြတ်တောက်ကာ သေရသည့်အဆင့်သို့ ရောက်ရှိသွားစေသည်။

လိုဒါမင်းဆေးဝါးနှင့် ပတ်သက်သော သုတေသနလုပ်ငန်းကို သုတေသီဖော့လ်မင်းနှင့်အဖွဲ့သည် နှစ် ၂၀မျှ အချိန်ယူ၍ လေ့လာခဲ့ကြသည်။ ပညာရှင်များသည် အဆိုပါတွေ့ရှိချက်များကို ဇီဝနည်းပညာစာစောင်တွင် တင်ပြထားသည်။ ဆေးလုံးအသွင်ဖြင့် ထုတ်လုပ်ထားသော လိုဒါမင်းဆေးဝါးသည် ဘေးထွက်ဆိုးကျိုး တစ်စုံတစ်ရာမရှိဘဲ သောက်သုံးနိုင်သော ဆေးဝါးဖြစ်သည်ဟုဆိုသည်။

ယင်းဆေးဝါးထုတ်လုပ်ရေးအတွက် လိုင်စင်ကို မတ်ဆာချူးဆက်ရှိ ဇီဝနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော ဆင်ဒီရက်စ်ကုမ္ပဏီသို့ ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကုသနိုင်

ထိုဆေးဝါးကို ဓာတ်ခွဲခန်းသုံး ကြွက်ငယ်ကလေးများနှင့် စမ်းသပ်လေ့လာကြည့်ရာ ကင်ဆာအမျိုးအစား အတော်များများကို ကုသနိုင်ကြောင်း တွေ့ရှိရသည်ဟုဆိုသည်။ ရင်သားကင်ဆာ၊ သန္ဓေသားကင်ဆာ၊ အမျိုးဥအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် ဦးနှောက်ကင်ဆာ စသည့် ကင်ဆာအမျိုးအစားများကို ကုသရာ၌ လိုဒါမင်းဆေးဝါးသည် အသုံးဝင်ကြောင်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ။



ရင်သားကင်ဆာဖြစ်ပွားစေသော ဆဲလ်များကို မှန်ဘီလူးဖြင့် ပုံကြီးချဲ့ထားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဟောပြောပို့ချ

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁) ဒုတိယရဲမှူး မြင့်အောင်သည် ဇူလိုင် ၁ ရက်တွင် တောင်ဥက္ကလာပမြို့နယ်ပါရမီယာဉ်ရပ်နားစခန်းအတွင်း၌ မြို့တွင်းပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်လိုင်းများမှ ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၁၅ ဦးအားလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၁၆၀ အားလည်းကောင်း၊ ရုံးဦးစီးမှူး(၂) ဒုတိယရဲမှူး ဝင်းမြင့်အောင်သည် ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူ ၁၀၆၀ အား လည်းကောင်းယာဉ်မတော်တဆမှုအန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အဖွဲ့များခွဲ၍ ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အတီးပြိုင်ပွဲ
၇း၅၀ ၅။ ရင်းငြိမ်ရေထိန်းတံခါး
၇း၅၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၅ ၇။ တေးဂီတအစီအစဉ်
၈း၁၅ ၈။ အဆိုပြိုင်ပွဲ
၈း၃၀ ၉။ International News
၈း၄၀ ၁၀။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ တေးဂီတအစီအစဉ်
၄း၅၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၆။ အကပြိုင်ပွဲ
၅း၁၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၅း၄၀ ၈။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၀ ၁၀။ မိုးလဝသအခြေအနေ
၆း၄၀ ၁၁။ တေးဂီတအစီအစဉ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၉)**
၇း၄၅ ၁၃။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၈း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၇)**
၁၈။ အစီအစဉ်ပြီး၏။

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

သမီးလေးအတွက် အမေ့မေတ္တာစာ

ခင်အုန်းမြင့် (မြန်/ဆက်)

ဇူလိုင်လ ၃ ရက်နေ့ မြန်မာအမျိုးသမီးများနေ့ ရောက်ပြီသမီး၊ ဒါ့ကြောင့် အမေ့ရဲ့ ပြောစရာရှိတဲ့ ရင်တွင်းစကားတွေ ပြောချင်လို့သမီးဆီ ဒီစာရေး လိုက်ပါတယ်။ စာဖတ်ရတဲ့အချိန်မှာ မိခင်တစ်ဦးရဲ့ စိုးရိမ် ကြောင့်ကြမှုတွေနဲ့ စေတနာအပြည့်အဝရှိတဲ့ မိခင်တစ်ဦးရဲ့မေတ္တာစာလို့ နားလည်ခံယူသွားစေ လိုပါတယ်။

ယနေ့ခေတ်သမီးတို့အရွယ်မြန်မာမိန်းကလေး များ ပြင်တတ်၊ ဆင်တတ်ကြတော့ အမေ့မျက်စိထဲ မှာ အားလုံး လှတဲ့သူတွေချည်းပဲ။ အမေတို့ခေတ် တက္ကသိုလ် ကျောင်းတက်တုန်းကပုံစံနဲ့ တခြားစီ ဖြစ်နေတော့ ဒီနေ့သမီးတို့တွေ အားလုံးရုပ်ဆိုးတဲ့သူ မတွေ့သလောက်ပဲ။ သမီးတို့လို မျိုးဆက်သစ်မြန်မာ အမျိုးသမီးငယ်များဟာ တိုင်းပြည် အနာဂတ်ရဲ့ အင်အားစုများဖြစ်တယ်လေ။ မြန်မာနိုင်ငံမှာ လူဦးရေ ရဲ့ထက်ဝက်ကျော်ဟာ အမေတို့ အမျိုးသမီးတွေ ဖြစ်တယ်လေ။ အနာဂတ်စွမ်းအားစုရှင်သမီးတို့ရဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် မှန်ကန်တဲ့ အသိ အမြင် အတွေးအခေါ်များ ရဖို့အရေးကြီးတယ်သမီး။

အမေတို့ **မြန်မာအမျိုးသမီးများရဲ့ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာဟာ သိမ်မွေ့ပြီး အမျိုးသား ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ဖို့ စံနမူနာ ယူလောက်တယ်။ အမျိုးကို ချစ်ခင်မြတ်နိုး စောင့်ရှောက်ခြင်းဟာ အမျိုးသမီးတို့ရဲ့ ဂုဏ်သိက္ခာ၊ အမျိုးသမီးတို့ရဲ့အင်အား၊ အမျိုးသမီးတို့ရဲ့တန်ဖိုးနဲ့ ယှက်နွှယ်လျက်ရှိတယ်။ မြန်မာအမျိုးသမီးများရဲ့ ဂုဏ်ရည် ထာဝစဉ် တင့်တယ်ဝင့်ထည်နေစေရေး အမျိုးသမီးငယ်များ သတိပြုဆင်ခြင်ရမယ်သမီး။**

ဟီရိဩတ္တပ္ပဆိုတဲ့ အရှက်တရားထိန်းသိမ်းလေ့ ရှိတဲ့ မြန်မာ့ဟန် မြန်မာ့ယဉ်ကျေးမှုကို ရိုက်ချိုးတဲ့ ဝတ်စားဆင်ယင်မှုမျိုးကိုတော့ အားမကျလေနဲ့သမီး။ အမေ့ရဲ့တစ်ဦးတည်းသောသမီးလေး ဒီလိုဝတ်စား ဆင်ယင်မှုမျိုးမှ လှတယ်၊ ခေတ်မီတယ်လို့ တလွဲ ဆံပင်မကောင်းနဲ့၊ မြန်မာ့ဟန်မြန်မာ့စရိုက်ကလေးနဲ့ လှပနေတဲ့ မြန်မာအမျိုးသမီးတွေတစ်ပုံကြီး၊ ဆံပင် ရှည်ရှည် ယဉ်စစနဲ့ လှပနေတဲ့ မြန်မာ့သမီးလေး များရဲ့ အလှအပကလည်း မြင်သူငေးပြီး ရင်အေး ရပါတယ်။ ခေတ်မီတာကတခြား၊ ခေတ်လွန်တာက တခြားစီဆိုတာပေါ့၊သမီးလေးနားလည်စေချင်တယ်။

ခေတ်မီတာက ဒီနေ့ပညာခေတ်မှာ သမီးတို့ လူငယ်လေးတွေအတွက် ဖြည့်ဆည်းစရာ၊ လေ့လာ စရာတွေအများကြီး။ အချိန်ကို မလေးမစားဖြုန်းတီး၊ ပျော်ပါးမှုတွေဘက် မော့နေရင်တော့ ခေတ်နောက် ကျ ကျန်ခဲ့မယ်ဆိုတာသတိထားသမီး။ တိုးတက်လာ တဲ့ ပညာခေတ်နဲ့အညီ ကိုယ့်ကိုယ်ကိုယ် တိုးတက် အောင်လုပ်ပါ၊ ဒီလို ဝတ်စားဆင်ယင်မှ ခေတ်မီတာ၊ လှတာ မဟုတ်ပါဘူးနော်။ အမေကတော့လေ အနာ ဂတ်အင်အားစု သမီးတို့ကို တိုးတက်တဲ့အသိအမြင်၊ တွေးခေါ်မှုတွေနဲ့ ထက်မြက်တဲ့ မြန်မာအမျိုးသမီး များအဖြစ် ဂုဏ်ယူဝင့်ကြွားလိုတယ်။

သူများထက် ထူးရင်ပြီးရော၊ ကိုယ်နဲ့ လိုက်ဖက် မှုလည်းမရှိ မြန်မာ့ယဉ်ကျေးမှုနဲ့ မအပ်စပ်တဲ့ဝတ်စား ဆင်ယင်မှုတွေကို နှစ်ခြိုက်ခုံမင်နေရင်တော့ တိုးတက် တဲ့ အတွေးအခေါ် အသိဉာဏ်တွေကင်းမဲ့စေပြီး ခေတ် နောက်ကျကျန်ခဲ့မှာ။

နောက်တစ်ခု အမေ မြင်တာ၊ သိတာ ပြောချင် သေးတယ်၊ သမီးတို့ကြိုက်ပါ့မလားမသိဘူးနော်။အမေ က မြန်မာလူမျိုးဆိုတော့ မြန်မာလူမျိုး၊ မြန်မာမှု နယ်ပယ်နဲ့ မကိုက်ညီရင်တော့ ပြောရမှာ အမေတို့လို လူကြီးတွေရဲ့တာဝန်လေ။ အနောက် တိုင်းသားများရဲ့ သဘောတူအတူနေ(Living together) ဆိုတဲ့ချစ်သူ လူငယ်စုံတွဲလေးတွေကြားမှာ နှစ်ဦးနှစ်ဝ စိတ်ချင်းတူ ညီညွတ်သမျှ အတူနေမယ်၊ အယူအဆ ကွဲလွဲရင် တော့ အတူမနေဘူးဆိုတဲ့ သဘောတွေနဲ့ နေကြထိုင် ကြတယ်။ ဒါကို အမေတို့မြန်မာ့လူမှုရေးနယ်ပယ်မှာ ရှင်သန်ခွင့် မပေးနိုင်ဘူး။ အလွန်အန္တရာယ်များတယ်။

အမေနဲ့အဖေတို့လို တစ်လင်တစ်မယားပဲ ဖြစ်သင့် တာပေါ့။ အမေတို့ မြန်မာလူမျိုးက “သားကိုသခင် လင်ကိုဘုရား”တဲ့။ တော်ဝင်စံထားတဲ့ အမရာဒေဝီ၊ မဒီဒေဝီတို့ရှိတယ်လေ။

မြန်မာမလေးများဟာ ရှေးအခါက **“မိန်းမတို့ ဣန္ဒြေ ရွှေပေးလို့မရ၊ ယောကျ်ားကြိုက်က စိုက်စိုက် လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာ”** အဲဒီ စကား လေးတွေအတိုင်း နေကြရင် မင်္ဂလာရှိတာပေါ့။

လေဘာတီမမြရင်ရဲ့ “အိမ်တွင်းပုန်း ကုလားမ တို့လို ကျွန်မတို့မနေနိုင်ပေါင်မောင်ရယ်”လို့ အိမ်တွင်း ပုန်းနေစရာ မလိုပါဘူး၊ ယနေ့ အမေတို့ မြန်မာ မလေးတွေဟာယောကျ်ားများနဲ့ တန်းတူရင်ပေါင်တန်း ကြိုးစားခဲ့ကြလို့ နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့ရောက် တိုင်း ထူးချွန်ထက်မြက်တဲ့ အမျိုးသမီးတွေကို ဂုဏ်ပြု ပေးတာ သတင်းစာတွေထဲမှာ သမီးတွေ့မှာပါ။ အမေတို့မိန်းမတွေရဲ့ ပုခက်လွှဲသောလက်များဟာ ကမ္ဘာကို စိုးမိုးနိုင်တယ်ဆိုတဲ့အတိုင်း မိန်းမတွေ ထက်မြက်နေပြီ၊ နွဲ့နွဲ့နှောင်းနှောင်း မနေကြတော့ ဘူး။ တန်ဖိုးရှိတဲ့ အမျိုးသမီးတွေထဲမှာ သမီးလေးကို ပါစေချင်တယ်လေ။ နိုင်ငံအတွက် ဂုဏ်ပြုစံထား ထိုက်တဲ့ မြန်မာအမျိုးသမီးလေး ဖြစ်စေချင်တယ်။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ဆိုတဲ့မျိုးနွယ်မတိမ်ကောအောင်ကာကွယ်စောင့်ရှောက် ရေးဟာလည်း အရေးကြီးတယ်သမီး။ အမျိုးဂုဏ်ကို မကြည့်၊ အရာရာငွေကိုသာ တန်ဖိုးထားပြီး နီးစပ်မှုကို အလေးထားမယ်ဆိုရင်တော့ အမျိုးမချစ် အမျိုး မစစ်တာတွေ များကုန်မှာပေါ့။ “လှစေချင်လို့ သွား ချောင်တိုက်၊ ရေစီးကမ်းပြိုလိုက်”ဆိုတဲ့ စကားလို ခေတ်ရေစီးကြောင်းကြီးအတိုင်း မျောနေရင်တော့ အမေတို့မြန်မာမလေးတွေရဲ့ ဂုဏ်ယူဝင့်ကြွားစရာတွေ ကျန်တော့မှာမဟုတ်တော့ဘူး။ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ မြန်မာ့ယဉ်ကျေးမှု လူ့အဖွဲ့အစည်း ကိုတော့ အလေးထားစေချင်ပါတယ်။

မိမိနိုင်ငံ မိမိလူမျိုးရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်း တဲ့ အစဉ်အလာကောင်းများ ရှိနေခြင်းဟာ မြန်မာ အမျိုးသမီးများရဲ့ ချစ်ခင်ဖွယ်ဓလေ့၊ ဂုဏ်ယူဖွယ် အမူ အကျင့်များ ဖြစ်ပါတယ်။ အမေတို့ နိုင်ငံဟာ တခြား နိုင်ငံများနဲ့စာရင် မြန်မာမိန်းကလေးဖြစ်ရတာ ဂုဏ်ယူ စရာပါ။ အလေးထားမှု၊ နေရာပေးမှု၊ လေးစားကြင်နာ စွာ ကူညီစောင့်ရှောက်မှု ပေးခြင်းခံရပါတယ်။ ဒါဟာ မြန်မာအမျိုးသမီးဖြစ်ရတဲ့အတွက် မွန်မြတ်တဲ့ ဂုဏ်ဒြပ် တစ်ခု ဖြစ်ပါတယ်။

အမေတို့ **မြန်မာမလေးများရဲ့ ရိုးရာဓလေ့ ထုံးစံဟာ သိမ်မွေ့ကြပါတယ်။ အမျိုးသားယဉ်ကျေးမှု ကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရာမှာလည်း စံနမူ နာပြုဖြစ်ပြီး အမျိုးကို ချစ်ခင်မြတ်နိုးစောင့်ရှောက်ခြင်း ဟာ အမျိုးသမီးတွေရဲ့ ဂုဏ်သိက္ခာ၊ အမျိုးသမီး တွေရဲ့တန်ဖိုးနဲ့ ဆက်နွှယ်လျက်ရှိတာမို့ အစဉ်အလာ ကောင်းများကို ဆက်လက်ထိန်းသိမ်းရမယ် ဆိုတာ သမီးတို့ မျိုးဆက်သစ်လေးတွေ နားလည်လက်ခံကြ စေချင်ပါတယ်။**

ဒီလောက်ဆိုရင် အမေ့ဆိုလိုချက်ကို သမီး သဘောပေါက်နားလည်ပါပြီနော်။ အမေ့သမီးလေး မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးစွာ ထိန်းသိမ်းရင်း အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းစောင့်ရှောက် တတ်တဲ့ အစဉ်အလာကောင်းခဲ့တဲ့ မြန်မာအမျိုး သမီးတို့ရဲ့ အစဉ်အလာကောင်းများနဲ့အညီ နိုင်ငံ တော်သစ် တည်ဆောက်ရေးလုပ်ငန်းများကို စွမ်းစွမ်း တမံ ဆောင်ရွက်နိုင်ပါစေ၊ မြန်မာအမျိုးသမီးများ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်တဲ့ ထူးခြားထက်မြက်တဲ့ အသိ ပညာများနဲ့ ပြည့်စုံ ခေတ်မီတိုးတက်တဲ့ မြန်မာ အမျိုးသမီးတစ်ယောက် ဖြစ်ပါစေလို့ ဆုတောင်း မေတ္တာပို့သလိုက်ရပါတယ်။ ။ **ချစ်မေမေ**

မြန်မာအမျိုးသမီးများရဲ့ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာဟာ သိမ်မွေ့ပြီး အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ဖို့ စံနမူနာယူလောက်တယ်။ အမျိုးကို ချစ်ခင်မြတ်နိုး စောင့်ရှောက်ခြင်းဟာ အမျိုးသမီးတို့ရဲ့ ဂုဏ်သိက္ခာ၊ အမျိုးသမီးတို့ရဲ့အင်အား၊ အမျိုးသမီးတို့ရဲ့ တန်ဖိုးနဲ့ ယှက်နွှယ်လျက်ရှိတယ်။ မြန်မာအမျိုးသမီးများရဲ့ ဂုဏ်ရည် ထာဝစဉ် တင့်တယ် ဝင့်ထည်နေစေရေး အမျိုးသမီးငယ်များ သတိပြု ဆင်ခြင်ရမယ်သမီး။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2008

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသည့် ၂၀၀၈ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုး သမီးများနေ့ အထိမ်းအမှတ် “သဘာဝဘေးအန္တရာယ် များနှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

စာတမ်းဖတ်ပွဲတွင် ရှေးဦးစွာ ဧရာဝတီတိုင်း အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က အမှာစကား ပြောကြားပြီး အမှတ်ပေးဒိုင်ချုပ် ပုသိမ်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခဒေါက်တာဒေါ်အမာနီက အမှတ် ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားကာ စာတမ်း ဖတ်ပွဲကို ကျင်းပသည်။

စာတမ်းဖတ်ပွဲတွင် ဧရာဝတီတိုင်းအတွင်းရှိ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊မအူပင်နှင့် ဖျာပုံခရိုင်တို့မှ စာတမ်း များကို ဖတ်ကြားတင်ပြကြကာ ဆုရရှိသည့်အဖွဲ့များအား ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ရုံးသုံးကွန်ပျူတာသင်တန်းနှင့် လုပ်ငန်းဆိုင်ရာ သင်တန်းဆင်းပွဲ ကျင်းပ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ဆုများချီးမြှင့်

နေပြည်တော် ဇူလိုင် ၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ဦးစီးကျင်းပသော ရုံးသုံးကွန်ပျူတာ အဆင့်မြင့် သင်တန်းအမှတ်စဉ်(၂/၂၀၀၈) (နေပြည်တော်)နှင့် လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈) (နေပြည်တော်) သင်တန်းဆင်းပွဲကို ဇူလိုင် ၁ရက် နံနက်၇နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ကျင်းပသည်။

အစီအစဉ်အရ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ရုံးသုံးကွန်ပျူတာအဆင့်မြင့် သင်တန်းအမှတ်စဉ် (၂/၂၀၀၈) (နေပြည်တော်)၌ ပထမဆုရ ဒေါ်ဇင်ဇင်အေး၊ ဒုတိယဆုရ ဒေါ်ဝင်းမင်းသန့်၊ တတိယဆုရ ဒေါ်ရွှေရည်ဝင်းနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ခေါင်းဆောင်တစ်ဦးအားလည်းကောင်း၊ လုပ်ငန်းဆိုင်ရာ ပညာပေးသင်တန်း အမှတ်စဉ်(၁/၂၀၀၈) (နေပြည်တော်)၌ ပထမဆုရ ဒေါ်ခင်ယုမွန်၊ ဒုတိယဆုရ ဒေါ်ဝင်းဝင်းလတ်၊တတိယဆုရဒေါ်မြင့်သန္တာလွင်နှင့်သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်တစ်ဦးအားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)အရာထမ်းလောင်းအခြေခံသင်တန်းအမှတ်စဉ်(၄)၌ပထမဆုရဦးပြည့်ဖြိုးအောင်၊ သေနတ်ပစ် ထူးချွန်ဆုရ ဦးဖြိုးဇင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန e-mail & Internet သင်တန်း၌ ပထမဆုရ ဒေါ်စုစုလင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဌာနချုပ် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ်(၁၃)၌ စာတမ်းထူးချွန် တတိယဆုရ ဒေါ်အေးအေးခိုင်တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနုလမ်းနေ ဦးလှရွှေ-ဒေါ်ရွှေတင်၊ သမီး မမလေးမိသားစုက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်၊ ဉဏ-ရပ်ကွက် "တိပိဋက ပုလဲရောင်ရှိန်" စာသင်တိုက်၊ တိပိဋကထေရပါလ နှစ်ထပ်ကျောင်းဆောင်အတွက် အလှူငွေကျပ်သိန်း ၄၀ ကို တိပိဋကဓရ ဘဒ္ဒန္တကုမာရပါလထံမှ ရေစက်ချ အနုမောဒနာပြုပြီး အကျိုးတော်ဆောင် ဦးလှမောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း သစ်ပင်ပန်းမန်များ အစားထိုးစိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင် ဦးညီညီလိုက်ပါလျက် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့အား မြို့အင်္ဂါရပ်နှင့်အညီ ရှိစေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ယင်းသို့ ကြည့်ရှုစစ်ဆေးရာတွင် မြို့တော်ဝန်သည်ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် သစ်ပင်ပန်းမန်များနေရာတွင်သစ်ပင်ပန်းမန်များ အစားထိုးဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ဇူလိုင် ၁၇ ရက် ဝါဆိုလပြည့် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်၍ အသင်းသူအသင်းသားများနှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့ပြင် ကြံခင်းပရိယတ္တိ စာသင်တိုက်၌ ဆောက်လုပ်လျက်ရှိသော သုံးထပ်ကျောင်းဆောင် အတွက် အလှူငွေပေးအပ်ပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် အလှူငွေနှင့် ဝါဆိုသင်္ကန်းကပ်လှူသူများသည် ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း)ဥက္ကဋ္ဌ ဖုန်း-၆၃၆၇၈၀၊ ဦးစိန်ဌေး အတွင်းရေးမှူး ဖုန်း-၆၆၃၄၈၉၊ ဒေါ်တင်တင် ထွေး-ဘဏ္ဍာရေးမှူး ဖုန်း-၅၄၁၀၆၅၊ ဒေါ်အေးအေးညွန့် အလုပ်အမှုဆောင် ဖုန်း-၆၅၁၂၄၇နှင့် ဒေါက်တာကျော်စိုးလင်း - အလုပ်အမှုဆောင် ဖုန်း - ၀၉-၅၁၉၅၈၃၅ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဆက်လက်၍ မြို့တော်ဝန်သည် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ကမ္ဘာအေးစေတီလမ်း ဇီဝိတဒါနသံဃာ့ဆေးရုံရှေ့နှင့် နတ်မောက်လမ်းကြား ကတ္တရာကွန်ကရစ်လမ်းသား မြှင့်တင်ဆောင်ရွက်နေမှု၊ ပြည်လမ်း ဟံသာဝတီအဝိုင်းနှင့် မြေနီကုန်းအကြားနှင့် ပြည်လမ်း၊ အလုံလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတွင်း လူသွားစင်္ကြံကွန်ကရစ်ခင်းကျင်းနေမှု၊ ရေစီးရေလာကောင်းမွန်စေရန် ၂၉လမ်းနှင့် ပန်းဆိုးတန်းလမ်းရေနုတ်မြောင်းများ တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။ (၁၉)

ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် မြန်မာယူ-၁၃ အမျိုးသမီးဘောလုံးအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပသည့် အာရှယူ-၁၃အမျိုးသမီးဘောလုံးပွဲတော်သို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်မြန်မာလူငယ်အမျိုးသမီးဘောလုံးအသင်းသည် ဇွန်၂၉ ရက်ညက ပြန်လည်ရောက်ရှိလာသည်။

အာရှ ယူ-၁၃ အမျိုးသမီး ဘောလုံးပွဲတော်၌ ရလဒ်ကောင်းများ ရရှိခဲ့သည့် မြန်မာလူငယ် အမျိုးသမီးဘောလုံးအသင်း။ (ကြေးမုံ)

အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီ အစည်းအဝေးတွင် အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များ၊ ကျင်းပရန်ရှိသည့် အာဆီယံဒေသတွင်း ပြိုင်ပွဲများနှင့် ဒီဇင်ဘာလတွင်ကျင်းပမည့် အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတို့အတွက် ဆွေးနွေးခဲ့ကြသည်။အစည်းအဝေးသို့ တက်ရောက်ခဲ့သည့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကမုန်တိုင်းကြောင့်ပျက်စီးသွားသည့် အားကစားအဆောက်အအုံများနှင့် ပတ်သက်၍ တင်ပြခဲ့ပြီး အာရှဘောလုံးအဖွဲ့ချုပ် (AFC) မှ အမေရိကန် ဒေါ်လာ ၂၅၀၀၀၀နှင့်အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) မှ အမေရိကန်ဒေါ်လာ ၅၀၀၀၀တို့ပံ့ပိုးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် လေဘောရန်ပုံငွေ ဘောလုံးပွဲကို လာမည့်အောက်တိုဘာလတွင်ကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ် အစည်းအဝေးတွင် တင်ပြခဲ့ရာ အဖွဲ့ဝင်နိုင်ငံများက သဘောတူညီကြကာ ဇူလိုင်လအတွင်း အတည်ပြုဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

အာရှယူ-၁၃ အမျိုးသမီးဘောလုံးပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မြန်မာအမျိုးသမီး လူငယ်အသင်းသည် (၁၀)ပွဲကစားရာ၌ ခြောက်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံးခဲ့သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ဒေသတွင်း အမျိုးသမီး ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် ယခုဘောလုံးပွဲတော်ကို ပထမဆုံးအကြိမ် ကျင်းပခြင်း ဖြစ်သည်။

မြန်မာလူငယ်အသင်းသည်ဗီယက်နမ်ကို ကိုးဂိုး-ဂိုးမရှိ၊ စင်ကာပူကို ခုနစ် ဂိုး-ဂိုးမရှိ၊ ဗီယက်နမ်ကို ၁၂ဂိုး-တစ်ဂိုး၊ အိန္ဒိယကို လေးဂိုး- ဂိုးမရှိ၊ စင်ကာပူကို ကိုးဂိုး-ဂိုးမရှိ၊ အိန္ဒိယကို ခုနစ်ဂိုး-နှစ်ဂိုးတို့ဖြင့် အနိုင်ရရှိပြီး တရုတ်အသင်းနှင့် ဂိုးမရှိ-သရေကျခဲ့သည်။ ကိုရီးယားကို လေးဂိုး-ဂိုးမရှိ၊ ဂျပန်ကို သုံးဂိုး-ဂိုးမရှိနှင့် ကိုရီးယားကို နှစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

လယ်ယာလုပ်ငန်းခွင် ပြန်ဝင်နေကြသော ဧရာဝတီသားတို့၏ အမြင်များပါ မျက်နှာဖုံး သတင်းဆောင်းပါးဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂

"နာဂစ်ကိုအာခံ ဖွဲ့မာန်မလျှော့ လယ်ယာလုပ်ငန်းခွင်ပြန်ကြေ့ပြီ" အကြောင်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးပညာရှင်များ၊ ဒေသခံလယ်သမားများ၏ ထင်မြင်သုံးသပ်ချက်များ၊ လေဘေးသင့် ဒေသများသို့ ကျွဲ၊ နွားများ ပေးပို့နေသည့်အကြောင်းနှင့်ပတ်သက်၍ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စီမံညွှန်ကြားရေးမှူး ဦးအုံးကျော်နှင့်တွေ့ဆုံမေးမြန်းခြင်း စသည့် အကြောင်းခြင်းရာ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၄) အမှတ်(၂၅)ယခုတစ်ပတ်ထွက်ရှိလာသည်။

ထို့အပြင်ကြိမ်ချောင်းကြီးကျေးရွာတွင်မုန်တိုင်းဒဏ်ခံအဆောက်အအုံပါဝင်သည့်စံပြကျေးရွာတည်ထောင်၊ ဧရာဝတီတိုင်းအတွင်း ပထမဆုံးအထူးကျွဲမွေးမြူရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်၊ ရန်ကုန်-မော်ကျွန်းကုန်းလမ်းဖြင့် ဆက်သွယ်သွားလာနိုင်ရန် မော်ကျွန်းမြို့တွင် မြစ်ကူးတံတားသစ်ကြီး တည်ဆောက်မည်၊ ရုပ်အလောင်းများမှတ်တမ်းတင်ရန်ကြွက်ခြေနီတပ်ဖွဲ့ဝင်များစေလွှတ်ထား၊ ဘိုကလေးမြို့နယ်တွင် လက်တွန်းထွန်စက်များ သုံးနှစ် သုံးရစ်စနစ်ဖြင့် ဆန်စက်လုပ်ငန်းရှင်များအသင်းက ဖြန့်ချိမည်၊ မုန်တိုင်းဒဏ်ခံဒေသများ ပြန်လည်ထူထောင်ရေးလုပ်ကိုင်နေမှုများနှင့် ပတ်သက်ပြီး နိုင်ငံခြားမီဒီယာများက မှုတစ္စာရေးရန်လိုကြောင်း စင်ကာပူသံအမတ်ကြီးပြော၊ ပထမအကြိမ် နိုင်ငံတကာအဆင့် သစ်ခွပန်းပွဲတော်အင်းလေးတွင်ကျင်းပမည်၊ တစ်နှစ်လျှင် မီဂါဝပ် ၄၀၀၀ ကျော်ထုတ်ပေးမည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း ဇူလိုင်တွင် အပြီးသတ်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မိဘမဲ့ကလေးများနှင့်အနာဂတ်"အကြောင်း စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရေး ချမ်းသာသည့်နိုင်ငံများက ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်ရမည်၊ အီတလီတွင် အထက်တန်းပညာရေးနိမ့်ကျ၊ ထိုင်းဝန်ကြီးချုပ် အယုံအကြည်မရှိ အဆိုမဲခွဲရာတွင်အနိုင်ရ၊ အင်တာနက်နှင့် ကွန်ပျူတာဂိမ်းများမှ သတ်ဖြတ်ပုံကိုအတုယူပြီး ဂျပန်ကလေးများ လူသတ်မှုကျူးလွန်မှုများလာ၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ အာဆီယံ-မြန်မာအစိုးရ-ကုလသမဂ္ဂ၏ ပထမသတင်းထုတ်ပြန်ချက်၊ ဘဲကင်တွင်အသုံးပြုသည့်အနီရောင်တဆေးက နှလုံးရောဂါကိုကာကွယ်နိုင်၊ မိခင်ကစွန့်ပစ်ထားသည့် ငှက်ကလေးများအား သီချင်းဆိုတတ်ရန်သင်ပေး၊ "အချင်းချင်းတွေအသိဆုံးပါ၊ ကြားရတာ နားဝချိုသာ" ဟာသကဏ္ဍသစ်၊ မိဘမဲ့ဝက်ဝံကိုမွေးထားသည့် အိန္ဒိယလူမျိုး တိရစ္ဆာန်ကာကွယ်ရေးဥပဒေအရ အရေးယူခံရ၊ "ကုန်ပဒေသာဆိုင်တွင် အသိမဲ့လူတစ်ဦးက ထိုးသတ်ရာ ဈေးဝယ်တစ်ဦးသေဆုံး" နိုင်ငံတကာမှုခင်းရေးရာ၊ "ပြောရဦးမယ်သူတို့က ဒီလိုတဲ့" နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ် စသည့် နိုင်ငံတကာ သတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

မုန်တိုင်းသင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တပ်မတော်(ကြည်း)၏ သမိုင်းမှတ်တမ်းမြင်ကွင်း

သတင်းဆောင်းပါး
မောင်မောင်ထွေး(သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်သည့် ညက ကျွန်တော်သည် ရုံးတွင်ညပိုင်း တာဝန်ကျသည်။ သန်းခေါင်ယံ အချိန်မှအစပြု၍ တိုက်ခတ်လိုက်သည့် မုန်တိုင်း၏ ပြင်းထန်မှုပမာဏကို နံနက် မိုးသောက် အလင်းရောက်သော် ထိတ်လန့်တကြား မျက်ဝါးထင်ထင် တွေ့မြင်ရတော့သည်။

မိမိတို့ရုံးရှေ့ရှိ သက်တမ်းရင့် ပင်အိုး ပင်ပျိုတို့ပါမကျန် သစ်ပင်များ အတုံးအရုံး လဲပြိုကျ

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် လေဘေးသင့် ကျေးရွာများရှိ ပြည်သူများအတွက် ရဟတ်ယာဉ်ဖြင့် ရောက်ရှိလာသော ထောက်ပံ့ရေး ပစ္စည်းများကို တပ်မတော် (ကြည်း)မှ တပ်မတော်သားများက ဤသို့ သယ်ယူပို့ဆောင်ခဲ့ကြသည်။

လျက်ရှိချေပြီ။ နံနက်ပိုင်း လုပ်ဆောင်ဖွယ်အချို့ကို ဆောင်ရွက်ပြီးစီးသည်နှင့် မုန်တိုင်းတိုက်ခတ်နေဆဲ မေလ ၃ရက်နေ့ နံနက် ၇ နာရီခန့်မှာပင် မိမိအိမ်အခြေအနေကိုလည်း စိတ်ပူမိသဖြင့် နေအိမ်ရှိရာ သုဝဏ္ဏသို့ ကျွန်တော်ချက်ချင်း ပြန်သွားခဲ့သည်။

လဲပြိုသစ်ပင်၊ ဓာတ်တိုင်စသည်တို့ကြောင့် လမ်းကြောင်းများ ပိတ်ဆို့သွားသဖြင့် ယာဉ်သွားလာမှုများ ရပ်ဆိုင်းသွား၏။ သို့ဖြင့် လေပြင်းတိုက်ခတ်နေသည့်ကြားမှပင် နေအိမ်အထိ ကျွန်တော် လမ်းလျှောက်ပြန်ခဲ့ရသည်။ လမ်းမတစ်လျှောက်တွင် လူအနည်းငယ်သာ တွေ့ရသည်။ လဲပြိုနေသည့် သစ်ပင်သစ်ကိုင်းများ၊ ဓာတ်တိုင်များ၊ ဖုန်းတိုင်များ၊ ဖုန်းလိုင်းကြိုးများ၊ အမိုးအကာပျက်စီးနေသော လူနေအဆောက်အအုံများကား မျက်စိတစ်ဆုံး အနမတဂ္ဂပင် ။

ထိုရက်ပိုင်းအတွင်း မီးမရှိ၊ ရေမရှိ၊ အခက်အခဲမျိုးစုံ ကြုံခဲ့ရသည်။ တစ်နေရာမှ တစ်နေရာသို့ သွားလာရေးမှာလည်းအကန့်အသတ်များရှိခဲ့သည်။

ဤသည်မှာ မုန်တိုင်းတိုက်ခတ်ပြီးစ အချိန်ကာလများတွင် ပြည်သူများ အမှန်တကယ် ကြုံတွေ့ခဲ့ကြရသည့် အခြေအနေပင်ဖြစ်သည်။

သို့သော် **ခေတ်အဆက်ဆက်၊ သမိုင်းအဆက်ဆက်ကတည်းက ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် အမြဲတမ်းအသင့်ဖြစ်နေသော တပ်မတော်သားများကို မေလ ၃ရက်နေ့ မွန်းလွဲပိုင်း မုန်တိုင်းငြိမ်သက်စပြုသည့် အချိန်မှစ၍ ရန်ကုန်မြို့အတွင်း နေရာအနှံ့အပြားတွင် မြင်တွေ့လာရသည်။**

ရန်ကုန်တိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များအပြင် အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်နှင့် အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များ၊ မှော်ဘီ၊ တိုက်ကြီးနှင့် အင်းတိုင်စသည့် တပ်နယ်အသီးသီးတို့မှ တပ်ရင်းတပ်ဖွဲ့များသည် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ချက်ချင်းဝင်ရောက်ဆောင်ရွက်ခဲ့ကြသည်။

စွန့်လွှတ်စွန့်စားသော တပ်မတော်၊ အပင်ပန်းဆင်းရဲခံနိုင်သော တပ်မတော်၏ အားသည် အံ့သြဘနန်း ရှိပေစွ။ မုန်တိုင်းသင့်ဒေသတွင် တာဝန်ထမ်းဆောင်နေထိုင်ကြသော တပ်မတော်သားများနှင့် မိသားစုများမှာ အများနည်းတူ မုန်တိုင်းဒဏ်ကို ကိုယ်တိုင်ရင်ဆိုင် ခံစားကြရသော်လည်း ကိုယ်ရေး ကိုယ်တာထက် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးစားပေးတတ်သည့် အစဉ်အလာရှိသူများပီပီ မုန်တိုင်းငြိမ်သက်သည်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အသိတရားရှိရှိ စေတနာရှိရှိဖြင့် နယ်မြေခံလူထုနှင့် ပူးပေါင်း ကာလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့၍ မုန်တိုင်းသင့် ရန်ကုန်တိုင်းသည် အချိန်တိုကာလအတွင်း အံ့သြဘနန်းရုန်းထလာနိုင်ခဲ့သည်ကို မျက်မြင်တွေ့ရှိရလေပြီ။

ရန်ကုန်မြို့၏ အဓိကလမ်းမကြီးနှင့် လမ်းသွယ်တိုင်းနီးနီးရှိ လဲပြိုနေသော သစ်ပင်၊ သစ်ကိုင်းများကို တပ်ရင်း၊ တပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများက အဓိကဦးစားပေးရှင်းလင်းနိုင်ခဲ့၍ တိုတောင်းသော အချိန်ကာလအတွင်းမှာပင် လမ်းပန်းဆက်သွယ်မှု ပြန်လည်ကောင်းမွန်လာခဲ့သည်။ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာခြင်းသည် ဒေသတစ်ခု၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးအပါအဝင် လူမှုစီးပွားဘဝအထွေထွေကို ပိုမိုကောင်းမွန်အောင် တစ်ပါတည်းဆောင်ရွက်ခြင်းလည်းမည်ပေသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ကဏ္ဍအလိုက်ဖော်ဆောင်ခွင့်ရရှိရန် လမ်းဖွင့်ပေးလိုက်နိုင်ခြင်းလည်း ဖြစ်ပေသည်။

မုန်တိုင်း၏ ဖျက်ဆီးနိုင်မှုစွမ်းအားသည် ကြောက်ခမန်းလိလိပင်။ မုန်တိုင်းသင့် ဧရာဝတီတိုင်းအတွင်းရှိ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်မှာ မကြုံစဖူးပြင်းထန်ဆိုးဝါးလှကြောင်း၊ နောက်ရက်များအတွင်း ဧရာဝတီတိုင်းသို့ ကျွန်တော် သတင်းရယူရေးအတွက် ခရီးထွက်ခဲ့စဉ် မြင်ခဲ့၊ တွေ့ခဲ့ ကြားသိခဲ့ရသည်။

မုန်တိုင်းမကျရောက်မီ မေလ ၁ရက်နေ့နှင့် ၂ရက်နေ့ ကြိုတင်သတိပေးကာလ အတွင်းမှာပင် အနောက်တောင်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများသည် ဒေသခံပြည်သူများ အချိန်မီ ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင်သတိပေးခြင်း၊ ကူညီဆောင်ရွက်ခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြသော်လည်း မုန်တိုင်း၏ ဖျက်ဆီးနိုင်မှု စွမ်းအားပမာဏမှာ မထင်မှတ်လောက်အောင် ကြီးမားပြင်းထန်ခဲ့၍ မြန်မာနိုင်ငံ၏ စပါးကျီ ဧရာဝတီတိုင်းသည် များစွာအထိနာခဲ့ရလေသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များသည် ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို ချက်ချင်းဆောင်ရွက်ပေးခဲ့သကဲ့သို့ အမှတ်(၆၆) ခြေမြန်တပ်မဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်းတပ်ဖွဲ့များသည် မုန်တိုင်းသင့် ဧရာဝတီတိုင်းသို့ ချက်ချင်းရောက်ရှိလာခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အမြန်ဆုံး ဆောင်ရွက်ပေးခဲ့ကြသည်။ အလားတူ မော်လမြိုင်ကျွန်း၊ ငပုတောနှင့် လပွတ္တာဒေသများရှိ ချောင်းပေါက်၊ စက်ဆန်း၊ ကဒုံကနီ၊ ချောင်းဝ၊ ကျုံကူးစသည့် ကျေးရွာများအထိ ဖြန့်ခွဲသွားရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းတင်ချခြင်းလုပ်ငန်းများကို ယနေ့ထိတိုင်ဆောင်ရွက်လျက်ရှိနေကြဆဲပင်။

ရန်ကုန်တိုင်းအတွင်း တပ်မတော်သား အင်အား၂၀၀၀၀ ကျော်နှင့် ဧရာဝတီတိုင်းအတွင်း တပ်မတော်သား အင်အား ၂၀၀၀၀ကျော်တို့သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များသည် အရေးပေါ်ရိက္ခာများ၊ ဆေးဝါးများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မော်တော်ယာဉ်များဖြင့် လေဘေးသင့်ဒေသများသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ ကြသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များနှင့် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများဖြစ်ကြသော ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊

လေမုန်တိုင်းဒဏ်ကြောင့် ဒ
လူနာများအား တပ်မတော်(ကြည်
သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းမျာ
ပေးခဲ့ကြသည်။

ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မော်တော်ယာဉ်များဖြင့် လေဘေးသင့်ဒေသများသို့ ဤသို့ နေ့မအား၊ ညမနား သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

လေ မုန် တိုင်း ဒဏ်ကြောင့် ပြိုလဲကျနေသော သက်တမ်းရင့် ပင်အို၊ ပင်ပျိုများစွာတို့ကို ကျားကုတ်ကျားခဲ အံကိုခဲ၍ ဤသို့ခုတ်ထွင်ဖယ်ရှား ရှင်းလင်းခဲ့ကြသည်။

ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ဖွဲ့ဝင်များသည် အရေးပေါ်ရိက္ခာများ၊ ဆေးဝါးများနှင့် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်မော်တော်ယာဉ်များဖြင့် လေဘေးသင့်ဒေသများသို့ ချက်ချင်းပို့ဆောင်ပေးခဲ့ ကြသည်။

အနောက်တောင်တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်းတပ်ဖွဲ့များနှင့် အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ် ကွပ်ကဲမှုအောက်တပ်ရင်းတပ်ဖွဲ့များသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများဖြစ်ကြသော ဘိုကလေး၊ ဖျာပုံ၊ ဒေးဒရဲ၊ ကျိုက်လတ်၊ အတူ ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ဟိုတစ်စု၊ သည်တစ်စုဖြင့် များပြားလှသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခဲ့ခြင်းဖြစ်သဖြင့် တစ်စုတစ်ဝေးတည်း တပ်မတော်သားအင်အား များများစားစား တစ်နေရာတည်းတွင် တွေ့မြင်ခဲ့ရခြင်းမရှိခဲ့သော်လည်း သတင်းသမားတစ်ဦးဖြစ်သောကျွန်တော်သည် နေရာအနှံ့ရောက်ခဲ့၊ သွားခဲ့သည်မို့ အဖွဲ့အလိုက်၊ အစုအလိုက်ကို နေရာတကာတွင် မြင်တွေ့ခဲ့ရသည်ချည်းပင်။ ထို့ပြင်

လေမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ဒဏ်ရာ ရရှိကြသူများ၊ လူနာများအား တပ်မတော်(ကြည်း)မှ တပ်မတော်သားများက သက်ဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများသို့ ဤသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

မော်လမြိုင်ကျွန်း၊ ငပုတောနှင့် လပွတ္တာဒေသများရှိ ချောင်းပေါက်၊ စက်ဆန်း၊ ကဒုံကနီ၊

ချောင်း၀၊ ကျုံကူးစသည့် ကျေးရွာများအထိ ဖြန့်ခွဲသွားရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးပစ္စည်းတင်ချခြင်းလုပ်ငန်းများကို ယနေ့ထိတိုင်ဆောင်ရွက်လျက်ရှိနေကြဆဲပင်။

ရန်ကုန်တိုင်းအတွင်း တပ်မတော်သား အင်အား၂၀၀၀၀ ကျော်နှင့် ဧရာဝတီတိုင်းအတွင်း တပ်မတော်သား အင်အား ၂၀၀၀၀ကျော်တို့သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်

ကျွန်တော်သည် မုန်တိုင်းမစဲမီပင် မြို့ထဲမှ အိမ်သို့လမ်းလျှောက်ပြန်ခဲ့သည်မို့ မြင်တွေ့ခဲ့ရသည့် မြင်ကွင်းများအရ ထိုနေ့က ကျွန်တော်တွေးမိခဲ့သည်မှာ ဒီလမ်းတွေရှင်းဖို့ မီးတွေလာဖို့ ဖုန်းလိုင်းတွေ ပြန်ကောင်းဖို့ ရေပြန်ရရှိဖို့စသည့် အစစအရာရာသည် လနှင့်ချီ၍ကြာဦးမည်ဟု ရိုးရိုးသားသားတွေးမိခဲ့သည်။

သို့ရာတွင် ရက်ပိုင်းအတွင်း၊ တကယ့်ကို ရက်ပိုင်းလေးအတွင်းမှာပင် လမ်းတွေ ယခင်ကထက်ပင် ပိုရှင်းသွားကာ ရေ၊ မီး၊ ဖုန်းလိုင်းများမယုံကြည်နိုင်လောက်အောင် မြန်မြန်ဆန်ဆန် ပြန်လည်ရရှိခဲ့သည်မို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲညီညီဆောင်ရွက်

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသော ထောက်ပံ့ရေး ပစ္စည်းများကို တပ်မတော်(ကြည်း)မှ တပ်မတော်သားများက လေဘေးသင့် ဒေသများသို့ ဆက်လက်ပေးပို့မည့် ရဟတ်ယာဉ်နှင့် မော်တော်ယာဉ်များပေါ်သို့ ဤသို့ လူးလာခေါက်တုံ့ သယ်ယူပို့ဆောင်ခဲ့ကြသည်။

နိုင်ခဲ့မှုကို ကျွန်တော်အပါအဝင် အားလုံးက အသိအမှတ်ပြုခဲ့ရသည် မဟုတ်ပါလား။

တပ်မတော်သည် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးတို့တွင် လုပ်အားဖြင့်ချည်းသာ မဟုတ်ဘဲ အလှူငွေများ၊ ဒေသအတွက် လိုအပ်သော ပြန်လည်ထူထောင် တည်ဆောက်ရေးပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ထိုကဲ့သို့ လှူဒါန်းခဲ့မှုများအနက် အချို့ကို ကောက်နုတ်ဖော်ပြရ လျှင် တပ်မတော်သားများနှင့် မိသားစုဝင်များသည် အလှူငွေ ကျပ်သိန်းသုံးထောင်ငါးရာကျော်နှင့် ပစ္စည်းတန်ဖိုးငွေကျပ် သိန်းကိုးရာ့ရှစ်ဆယ်ကျော် စုစုပေါင်း ငွေကျပ်သိန်း လေးထောင့်ငါးရာ ကျော်ကို မုန်တိုင်းသင့်ဒေသများ သို့ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ်ရုံးအနေဖြင့်လည်း လေဘေးသင့်ဒေသများ၌ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တာဝန် ထမ်း ဆောင် နေ သော တပ်မတော်သားများအတွက် အင်အား ဖြည့်ရိက္ခာစားသုံးနိုင်ရန် ငွေကျပ် သိန်းနှစ်ထောင်ကျော်ဖိုးကို ထောက်ပံ့ပေးခဲ့ကြောင်း၊ စစ်ထောက်ချုပ်ရုံး အစီအစဉ်ဖြင့်လည်း တပ်မတော်ပိုင်ပစ္စည်းသယ်ယူပို့ဆောင်ရေးယာဉ်ကြီး **အစီး ၆၀၀ အပါအဝင် လုပ်ငန်း** သုံးမော်တော်ယာဉ်များ၊ ကယ်ဆယ်ရေးလုပ်ငန်းတွင်အသုံးပြုသည့် ဖိုင်ဘာလှေများ၊ လေဘေးသင့် ပြည်သူများအတွက် ရိက္ခာများ၊ မိုးကာတဲများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် စက်သုံးဆီများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကလည်း လေဘေးသင့်ပြည်သူများအတွက် အလှူငွေ **ကျပ် သိန်းတစ်သောင်းငါးထောင်ကျော်၊ အမေရိကန်ဒေါ်လာနှစ်သိန်းနှင့် ပစ္စည်းတန်ဖိုးငွေကျပ်သိန်းလေးရာလေးဆယ်ကျော်နှင့် လုပ်ငန်းသုံးပစ္စည်းများကို လည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။**

တပ်မတော်သားများသည် မေလ ၃ရက်နေ့မှစတင်ကာ လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်တည်ဆောက်ရေး လုပ်ငန်းများတွင် မိမိတို့ရိက္ခာကို မိမိတို့စားသုံးပြီး သွားလာ ရွှေ့ပြောင်းရေးအတွက်လည်း တပ်မတော်ပိုင်ကားများ၌ မိမိတို့ အစီအစဉ်ဖြင့် စက်သုံးဆီများထည့်သွင်းသုံးစွဲ၍ စေတနာထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ ထောက်ပံ့လှူဒါန်းသောငွေနှင့်ပစ္စည်းများ၊ စေတနာရှင်များမှ လှူဒါန်းသော ငွေနှင့်ပစ္စည်းများကို တပ်မတော်သားများအတွက် ကျခံသုံးစွဲမှုမရှိစေခဲ့ကြောင်း သိရသည်။

ယခုအခါ လေဘေးသင့်ဒေသများ၌ ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ စေတနာရှင်များ အနေဖြင့်လည်း မိမိတို့အစီအစဉ်ဖြင့် လေဘေးသင့်ပြည်သူများ အား အနီးကပ်သွားရောက် ကူညီလှူဒါန်းလျက်ရှိကြရာ လေဘေးသင့်ပြည်သူများအတွက် ထိထိရောက်ရောက် ကူညီထောက်ပံ့လှူဒါန်းနိုင်ရန် မိမိတို့ ရရှိထားသော အလှူငွေများကို ကျစ်ကျစ်လျစ်လျစ်သုံးစွဲပြီး ထောက်ပံ့ပို့ဆောင်ရေး နေထိုင်ရေးတို့တွင် မလိုအပ်ဘဲ ကုန်ကျစရိတ်များ အများအပြားမရှိစေရေး ဆောင်ရွက်သင့်ကြပေသည်။

မိမိတို့ သတင်းအဖွဲ့ဝင်များသည် မုန်တိုင်းသင့် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တည်းဟူသော စွမ်းအားစုသုံးရပ်၏ တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို သတင်းသမားများပီပီ နီးနီးကပ်ကပ် ထဲထဲဝင်ဝင် ကြည့်မြင်ခွင့်ရခဲ့သဖြင့် ထင်ရှားပေါ်လွင်စွာမြင်တွေ့ခဲ့ရပါသည်။

လေမုန်တိုင်းဒဏ်ကြောင့် ပြိုလဲကျနေသော သက်တမ်းရင့်ပင်အို၊ ပင်ပျိုမြောက်မြားစွာတို့ကို ကျားကုတ်ကျားခဲ အံကိုခဲ၍ ခုတ်ထွင်ရှင်းလင်းခဲ့သော၊ ထောက်ပံ့ရေးပစ္စည်းများကို လူးလာခေါက်ပြန် သယ်ယူပို့ဆောင်ပေးခဲ့သော၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းအဝဝတွင် စွမ်းစွမ်းတမံ ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသော တပ်မတော်သားတို့၏ ချွေးစက်များနှင့်လည်း နီးနီးကပ်ကပ် ထိတွေ့ခဲ့ရပါသည်။ "အသက်သွေးချွေး၊ စဉ်မနေး၊ ပေးဆပ်သည်မှာ တပ်မတော်ပါ" ဆောင်ပုဒ်နှင့်အညီ တပ်မတော်သားတို့၏ ချွေးစက်များ၊ ပင်ပန်းဆင်းရဲမှုများ၊ မောပန်းနွမ်းနယ်မှုများသည် ယနေ့ မုန်တိုင်းလွန်ကာလတွင် လေဘေးသင့် ပြည်သူတို့အတွက် နှလုံးစိတ်ဝမ်းငြိမ်းချမ်းမှု၊ အေးချမ်းမှုတို့ကို ဆောင်ကြဉ်းနိုင်ခဲ့ပြီဖြစ်၍ တပ်မတော်သားများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသတည်း။ ။

တပ်မတော်သည် လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင် တည်ဆောက်ရေးတို့တွင် လုပ်အား ဖြင့်ချည်းသာမဟုတ်ဘဲ အလှူငွေများ၊ ဒေသအတွက် လိုအပ်သော ပြန်လည်ထူထောင် တည်ဆောက်ရေး ပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရ။

ဧရာဝတီတိုင်း ဘိုကလေး၊ လပွတ္တာ၊ ဖျာပုံ၊ ကျိုက်လတ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့သို့ ပေးပို့မည့် ထောက်ပံ့ရေး ပစ္စည်းများကို တပ်မတော် မော်တော်ယာဉ်များဖြင့် ဤသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

* ရွှေ့ဖုံးမှ

အမျိုးသားပြတိုက်အနီးသို့ ရောက်ရှိကြပြီး ပြည်လမ်းတစ်လျှောက်၌ လူသွားစင်္ကြံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြည်လမ်းမတစ်လျှောက်၌ လူသွားစင်္ကြံများ ပြန်လည်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲများ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သဒ္ဓမ္မရံသီရိပ်သာနှင့် ရိပ်သာခွဲအသီးသီးတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲများကို ကျင်းပမည်ဖြစ်ရာ သဒ္ဓမ္မရံသီရိပ်သာကြီး(ဇမိုင်၊မရမ်းကုန်း)၌ ဇူလိုင် ၂၆ရက်၊ သုခါပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ(ကျောက်ကုန်း)၌ ဩဂုတ် ၂ ရက်၊ ခိပ္ပါဘိညာသဒ္ဓမ္မရံသီရိပ်သာ(အင်းတိုင်)၌ ဩဂုတ် ၉ ရက်၊ မဇ္ဈိမပဋိပဒါသဒ္ဓမ္မရံသီရိပ်သာ(မြောက်ဥက္ကလာပ)၌ ဩဂုတ် ၁၆ ရက်နှင့် ဒမ္မဒါယာဒါသဒ္ဓမ္မရံသီရိပ်သာ၌ ဩဂုတ် ၁၇ရက်တို့တွင် နံနက် ၈နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၀၈ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆာဂေးနီကိုလေဗစ်(ချ်)မာတီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့်ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(ရေ) စစ်ရေယာဉ်ဖြင့် ပေးပို့လျက်ရှိ

ရန်ကုန် ဇူလိုင် ၂

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ပေးပို့သည့် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၁၇ ဒသမ ၆တန်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ဘုန်းကြီးလမ်း အမှတ်(၁) ဖောတံတားရှိ တပ်မတော်(ရေ) စစ်ရေယာဉ်ပေါ်သို့ တင်ဆောင်ရာတွင် တပ်မတော်(ရေ)မှ အရာရှိ၊စစ်သည်များက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည်။

တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ဧရာဝတီတိုင်းရှိ လေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ရေးပစ္စည်းများကို အဆက်မပြတ်ပေးပို့လျက်ရှိရာ ယနေ့အထိ စုစုပေါင်း ကုန်တန်ချိန် ၂၆၉၃ ဒသမ ၄၄၅ တန် ပို့ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တင်ဆောင်

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအတွက် ပေးပို့သည့် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဘုန်းကြီးလမ်း အမှတ်(၁) ဖောတံတားရှိ တပ်မတော်(ရေ) စစ်ရေယာဉ်ပေါ်သို့ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များက တင်ဆောင်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားသံအမတ်ကြီး ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇူလိုင် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ အူမာရူအဖိုးရက်စ် ဆူလေမန်အား ခန့်အပ်ရန် နိုင်ဂျီးရီးယားအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာ အူမာရူအဖိုးရက်စ် ဆူလေမန်သည် ၁၉၄၆ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် နိုင်ဂျီးရီးယား ပြည်ထောင်စုသမ္မတနိုင်ငံ အဇာရာမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဇာရီယာပြည်နယ် အမဒူဘဲလိုတက္ကသိုလ်မှ သိပ္ပံဘွဲ့(ဓာတုဗေဒ၊ ဂုဏ်ထူးတန်း)ရရှိခဲ့ပြီး စိုက်ပျိုးရေး၊ ဆေးဝါး၊ဓာတုဗေဒ၊ ဘဏ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးဆိုင်ရာကုမ္ပဏီများ၊ ဌာနများတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

၁၉၈၉ ခုနှစ်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းများကို တက်ရောက်ခဲ့သည်။ မစ္စတာ အူမာရူအဖိုးရက်စ် ဆူလေမန်သည် ၁၉၉၀ ပြည့်နှစ်တွင် နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ ဒယ်လ်တာ သံမဏိကုမ္ပဏီ၏ အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၉၄ ခုနှစ်တွင် အမျိုးသားဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရေးညီလာခံ ကိုယ်စားလှယ်အဖြစ် ပါဝင်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ထို့နောက် ၂၀၀၄ ခုနှစ်တွင် နာဆာရာဝါပြည်နယ်၏ အမျိုးသားဆင်းရဲမွဲတေမှု ပပျောက်ရေးစီမံကိန်းတွင် ပြည်နယ်ကြီးကြပ်ညှိနှိုင်းရေးမှူး ဖြစ်လာခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် အစိုးရဌာနများအတွင်း ဆက်ဆံရေးဆိုင်ရာ အထူးအကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စတာ အူမာရူအဖိုးရက်စ် ဆူလေမန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားသမီးများ ထွန်းကားခဲ့သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်မိမေဖြူဖြူနှင့် ဒေါ်လှလှမျိုးတို့သည် မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်ပညာသင်ဆု အစီအစဉ်အရ စီးပွားရေးနှင့် စီမံခန့်ခွဲမှုပညာ မဟာဘွဲ့ နှစ်နှစ်သင်တန်းသို့ တက်ရောက်ရန် ဇွန် ၃၀ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ် ဒေါ်ရီရီမြင့်၊ အတွင်းရေးမှူး ဒေါ်လှဝတီနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (က-ပ)

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း သောက်သုံးရေကန်များအား ရေငန်စုပ်ထုတ်၊ ရေကန် သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း မုန်တိုင်းဒဏ်ကြောင့် ရေငန်ဝင်ရောက်ခဲ့သည့် သောက်သုံးရေကန်များအား ရေငန်စုပ်ထုတ်နိုင်ရေးနှင့် ရေကန်သန့်ရှင်းရေးအတွက် မြို့နယ်လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကော်မတီ၏ ကြီးကြပ်စီစဉ်မှုဖြင့် ရေငန်ဝင်ရောက်ခဲ့သောကျေးရွာအုပ်စုများသို့ ရေငန်စုပ်ထုတ်ရေးအဖွဲ့များက အခြေစိုက်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရေငန်စုပ်ထုတ်ရေးအဖွဲ့ အမှတ်(၁) ဦးတင်ဝင်း ဦးဆောင်သော အဖွဲ့သည် ဇွန် ၂၄ ရက်မှ ဇူလိုင် ၁ ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ် ကြက်ရှာကျေးရွာ အုပ်စုအတွင်းရှိ သောက်သုံးရေကန် ရှစ်ကန်နှင့် ကျွန်းချောင်းကျေးရွာအုပ်စုအတွင်းရှိ သောက်သုံးရေကန် ငါးကန်တို့အား ရေငန်များ စုပ်ထုတ်ပြီး ရေကန်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

အလားတူ အဖွဲ့အမှတ်(၂) ဦးသန်းဇော်လွင် ဦးဆောင်သော အဖွဲ့သည် ဇွန် ၂၃ ရက်မှ ၂၉ ရက်အထိ မော်လမြိုင်ကျွန်းမြို့နယ် နတ်ပူးကျေးရွာအုပ်စုရှိ သောက်သုံးရေကန် ငါးကန်နှင့် မြတ်သာရွာဝ ကျေးရွာအုပ်စုရှိ သောက်သုံးရေကန် တစ်ကန်တို့အား ရေငန်စုပ်ထုတ်ပြီး ရေငန်သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရေငန်စုပ်ထုတ်ပြီး သောက်သုံးရေကန်များမှ ရေကောင်းရေသန့်များကို ဒေသခံပြည်သူများ သုံးစွဲနေကြရပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"တာဝန်လေးရပ် သတိကပ်"တရားတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအရှင်သုစိတ္တ (နေနတ်သားဆရာတော်)
၇း၅၅ - ၁း၅၅	နိဗ္ဗာန်ဆီသို့ . . . . အမေးအဖြေများ
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၄၅ - ၂း၄၅	ဆင်ယင်ရိုးရာတို့မြန်မာ
၉း၀၅ - ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅ - ၃း၁၅	လောကရဲ့အလှရတနာ (ရဲအောင်၊ သူထူးစံ၊ မေသဉ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၉း၃၀ - ၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅ - ၃း၃၅	နယည်ဆန်းထွင်ပန်းအလှဆင် (လခြမ်းပုံသဏ္ဍာန် ပန်းအိုးထိုးနည်း)
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	Activities In The City
၁၀း၂၅ - ၄း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	Yangon Panorama
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	မေတ္တာရိပ်ဖြာ ပန်းဝက်ပါ
၁၁း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀ - ၅း၂၀	သာသနာ့အမွေခံ ရှင်ပြုရဟန်းခံ
၁၁း၃၅ - ၅း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၀ - ၅း၄၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာငုဝါလှိုင် နှင့် တွေ့ဆုံခြင်း)
၁၂း၁၅ - ၆း၁၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)
၁၂း၃၀ - ၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဒေါက်တာချစ်၏ လိမ္မော်နှင့် နှစ်ရှည်သီးပင် စိုက်ပျိုးရေးစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

ဒေါက်တာချစ် B.Sc(Ag) ; Ph.D(Ag.Sc) ၏ လိမ္မော်နှင့် နှစ်ရှည်သီးပင်စိုက်ပျိုးရေးစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ယင်းစာအုပ်သည် ၂၀၀၄ ခုနှစ် အမျိုးသားစာပေဆုရ စာအုပ်ဖြစ်ပြီး ရှောက်မျိုးနွယ်ဝင်အပင်များ၊ တောင်ပေါ်ဒေသတွင် စိုက်ပျိုးသောအခြားသီးပင်များ၊ နှစ်ရှည်ပင်စိုက်ပျိုးရေးဆိုင်ရာ အခြေခံအချက်များနှင့် အထွေထွေဟူ၍ အခန်းလေးခန်းပါရှိကာ ခေါင်းစဉ်ငယ်များစွာဖြင့် အပင်ပုံများ ပူးတွဲဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို သစ္စာစာပေနှင့်ပုံနှိပ်လုပ်ငန်း၊ ဖုန်း-၀၉၈၀၃၄၉၂၀ က ဖြန့်ချိပြီး တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၅၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ဂျေရုဆလင်မြို့လယ်တွင် ဘူဒိုဇာမြေထိုးစက်ဖြင့်ဝင်တိုက် သုံးဦးသေဆုံးပြီး၊ ၄၅ ဦး ဒဏ်ရာရရှိ

ဂျေရုဆလင် ဇူလိုင် ၂

အစ္စရေးနိုင်ငံမြို့တော်၊ ဂျေရုဆလင်၏ လမ်းမပေါ်တွင် ဇူလိုင် ၂ရက်၌ လူတစ်ဦးက ဘူဒိုဇာမြေထိုးစက်ဖြင့် ရမ်းကားစွာ မောင်းနှင်သဖြင့် သုံးဦးသေဆုံးကာ ၄၅ဦး ဒဏ်ရာ ရရှိသွားပြီး ကားအချို့နှင့် ဘတ်စ်ကားတစ်စီးတို့ ပျက်စီးသွားသည်။

မြေထိုးစက်မောင်းသမားသည်ဂျေရုဆလင် မြို့လယ်ကောင်တွင် သွားလာနေသော ယာဉ်အချို့ကို ဝင်တိုက်သည်သာမက လမ်းသွားလမ်းလာများကိုပါ ထိခိုက်စေခဲ့ကြောင်း သိရသည်။ အဆိုပါ ယာဉ်မောင်းကို ရဲက ပစ်သတ်လိုက်မှသာ ရမ်းကားမှုအဆုံးသတ်သွားသည်။

အခင်းဖြစ်ပွားရာနေရာသို့ချက်ချင်း ဆိုသလိုပင် ရဲတပ်ဖွဲ့နှင့် မဂ်ဒေးဗစ်အဒွမ်း(အမ်ဒီအေ) ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့တို့သွားရောက်ခဲ့ကြသည်။ အမ်ဒီအေအဖွဲ့၏ ပြောကြားချက်အရ ၂၂ဦးကို ဆေးရုံသို့ တင်ပို့လိုက်ရပြီး လူနာနှစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရကြောင်း သိရသည်။

အင်တာနက်။

ဒုံးကျည်ဖြင့်ပစ်ခတ်ခံရပြီးနောက် အစ္စရေးက ဂါဇာနယ်စပ်လမ်းကိုပိတ်ပင်

ဂျေရုဆလင် ဇူလိုင် ၂

ဟားမတ်စ်အဖွဲ့အုပ်ချုပ်သည့်ဂါဇာကမ်းမြောင် တစ်နေရာမှ ရော့ကက်ဒုံးကျည်များဖြင့် အတိုက်ခိုက်ခံခဲ့ရပြီးနောက် အစ္စရေးက ဂါဇာကမ်းမြောင်ရှိယင်း၏နယ်စပ်ဖြတ်ကူးလမ်းကို ဇူလိုင် ၁ရက်တွင် ထပ်မံပိတ်ပင်လိုက်သည်။

ဂါဇာကမ်းခြေမှ ပစ်ခတ်လိုက်သည့် ကက်ဆမ်ရော့ကက် ဒုံးကျည်များသည် အစ္စရေးနိုင်ငံတောင်ပိုင်းရှိ နာဂျက်လွင်ပြင် ဒေသ၌ ကျရောက်ခဲ့သည်။ သို့ရာတွင် ထိခိုက်သေဆုံးမှုနှင့် ပျက်စီးမှုမရှိခဲ့ပေ။အီဂျစ်က ကမကထ ပြုလုပ်သည့် အပစ်အခတ်ရပ်စဲရေးစာချုပ်သည် ဇွန် ၁၉ ရက်တွင် သက်ဝင်မှုရှိခဲ့ပြီးနောက် ဖော်ပြပါ တိုက်ခိုက်မှုသည် စတုတ္ထအကြိမ်ဖြစ်သည်။ မည်သည့်အုပ်စုကမျှ ၎င်းတို့၏ လက်ချက်ဟု ထုတ်ဖော်ကြေငြာခြင်း မရှိပေ။

အမ်အင်အေ၊ဆင်ဟွာ

လက်ဘနွန်တွင် ဆန့်ကျင်ဘက်အုပ်စုများအကြားတိုက်ပွဲများဖြစ်ပွားနေမှုကို ထိန်းသိမ်းရန် ဖြန့်ကျက်ချထားသော လက်ဘနွန် တပ်ဖွဲ့ဝင် အချို့ကို ဘေရွတ်မြို့၌ ဇွန်၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အရီဇိုးနားပြည်နယ် ကောင်းကင်တွင် ရဟတ်ယာဉ်နှစ်စင်းတိုက် ခုနစ်ဦးသေဆုံး

ဝါရှင်တန် ဇူလိုင် ၂

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၏ ကောင်းကင်ယံတွင် ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်နှစ်စင်းတိုက်မိရာ လူခုနစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိကြောင်း လေကြောင်းပျံသန်းမှုအုပ်ချုပ်ရေး ဗဟိုဌာနက ပြောကြားသည်။

ရဟတ်ယာဉ် တစ်စင်းပေါ်တွင် လိုက်ပါလာသူ သုံးဦးစလုံးသေဆုံးကြောင်း အက်ဖ်အေအေသတင်းဌာနကြေညာချက်တွင် ဖော်ပြထားသည်။

အခြားရဟတ်ယာဉ် တစ်စင်းပေါ်တွင် လိုက်ပါလာသော လူခုနစ်ဦးတွင် လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့လယ်ကောင်တွင် ဘူဒိုဇာမြေထိုးစက်ဖြင့် လူနှင့်ကားများကို ဝင်တိုက်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရန်ဆန့်ကျင်ရေး လျှို့ဝှက်လုပ်ငန်း အမေရိကန်အရှိန်မြှင့်ဆောင်ရွက်ဟု မဂ္ဂဇင်း၌ဖော်ပြ

နယူးယောက် ဇူလိုင် ၂

အီရန်အစိုးရအဖွဲ့ တည်ငြိမ်မှု မရှိစေရေးအတွက်ရည်ရွယ်၍အီရန်ဆန့်ကျင်ရေးလျှို့ဝှက်အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန် ငွေကြေးဖြည့်ဆည်းပေးမည့် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဘုရှ်၏မေတ္တာရပ်ခံချက်ကိုအမေရိကန် အောက်လွှတ်တော်ခေါင်းဆောင်များက လွန်ခဲ့သည့် နှစ်ကုန်ပိုင်းတွင် သဘောတူညီခဲ့ကြကြောင်း နယူးယောက် မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

သမ္မတဘုရှ် လက်မှတ်ရေးထိုးထားပြီး သက်ဆိုင်သူသာ ဖတ်ရှုခွင့်ရှိသည့် သမ္မတ၏ တွေ့ရှိချက်ကို ဖော်ပြပါ မဂ္ဂဇင်းမှ သတင်းထောက်ဆေမိုဟာ့ရှ်က ဆောင်းပါးအဖြစ် ရေးသားထားခြင်းဖြစ်သည်။

သမ္မတဘုရှ်၏တွေ့ရှိချက်တွင်အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်သည့် ရည်ရွယ်ချက် ပျက်စီးစေရန်နှင့် အီရန်အစိုးရအဖွဲ့အပြောင်းအလဲ ဖြစ်စေရန်အတွက် အလေးထားဖော်ပြထားသည်။ ယင်းအစီအစဉ်တွင် အီရန်မှ အတိုက်အခံအုပ်စုများနှင့် ပူးပေါင်းဆောင်ရွက်ပြီး ငွေကြေးထောက်ပံ့ရန်ကိစ္စများလည်း ပါဝင်သည်။

ဖော်ပြပါ အီရန် ဆန့်ကျင်ရေး လျှို့ဝှက်လုပ်ဆောင်ရေး မြှင့်တင်ရန် အတွက်သမ္မတဘုရှ်က ဒေါ်လာသန်း ၄၀၀အထိတောင်းဆိုထားပြီး အောက်လွှတ်တော်ခေါင်းဆောင်များကလည်း သဘောတူညီထားသည်ဟု စစ်ဘက်ဟောင်းထောက်လှမ်းရေးနှင့် အောက်လွှတ်တော် သတင်းရပ်ကွက်များကို ကိုးကား၍ ဆောင်းပါးက ဖော်ပြထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပါကစ္စတန်၌ ဗုံးပေါက်ကွဲ နှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် ဇူလိုင် ၂

ပါကစ္စတန် အနောက်မြောက်ပိုင်း မငြိမ်မသက်ဖြစ်နေသည့် ဆွာတောင်ကြားတွင် ဇွန် ၂၉ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လုံခြုံရေးဝန်ထမ်း နှစ်ဦးထက် မနည်း သေဆုံးပြီး ငါးဦးဒဏ်ရာရရှိကြောင်း ပါကစ္စတန်တပ်ဖွဲ့က ပြောကြားသည်။

ရွာတစ်ရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့များပုံမှန်ကင်းလှည့်နေစဉ် လမ်းဘေးဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အာသာအဘတ်စ်က ပြောကြားသည်။

မည်သည့်အဖွဲ့အစည်းကမှ ၎င်းတို့လုပ်ရပ်ဟု ပြောကြားခြင်းမရှိသော်လည်း ထိုတိုက်ခိုက်မှုမျိုးသည် စစ်သွေးကြွများ လက်ချက်ဟု ပြောကြားသည်။

အဝေးထိန်းစနစ်ဖြင့် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကပြောကြားသည်။ ဒဏ်ရာရရှိသော လုံခြုံရေးဝန်ထမ်းနှစ်ဦးကိုဆွာတောင်ကြား မင်ဂိုရာမြို့ဆေးရုံသို့ တင်ဆောင်ခဲ့သည်။

ဗုံးပေါက်ကွဲမှုဖြစ်ပြီးနောက် ထိုဒေသတွင်လုံခြုံရေးအရ ညမထွက်ရအမိန့် ထုတ်ပြန်ခဲ့ပြီး သံသယရှိသူများကို တပ်ဖွဲ့ဝင်များက စတင်ရှာဖွေလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်း၌ ကုန်တင်သင်္ဘောနစ်မြုပ် ငါးဦးသေဆုံး၊ ငါးဦးပျောက်ဆုံးလျက်ရှိ

ရှန်ဟိုင်း ဇူလိုင် ၂

တရုတ်နိုင်ငံ၏ အရှေ့ဘက်ကမ်းရိုးတန်းတွင် ဇွန် ၂၉ရက်က ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ လူငါးဦးသေဆုံးပြီး ငါးဦးပျောက်ဆုံးလျက်ရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

ဟေအိုပင်းအမည်ရှိသင်္ဘောသည် ပင်လယ်ဝါတောင်ပိုင်းဒေသအတွင်း နံနက် ၃ နာရီ ၂၇ မိနစ်ခန့်တွင် သင်္ဘောသား ၁၄ ဦးနှင့်အတူ သန့်စင်ပြီး သံသတ္တုရိုင်း တန်၄၀၀၀ကို သယ်ဆောင်ကာ ခုတ်မောင်းလျက်ရှိစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးသင်္ဘောများနှင့် ရဟတ်ယာဉ်တစ်စင်းတို့ကိုအသုံးပြုကာ အဆိုပါဒေရိယာအတွင်း ရှာဖွေခဲ့ရာတွင် သင်္ဘောသား ငါးဦး၏ အလောင်းအား ရှာဖွေတွေ့ရှိခဲ့သည်။ အခြားအဖွဲ့ဝင်များကိုမူ ရှာဖွေဆဲဖြစ်ကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့ရှိ ပင်လယ်ကမ်းခြေ၌ ကျင်းပသည့်အပြည်ပြည်ဆိုင်ရာ သဲပန်းပုပွဲတော်၌ ပန်းပုပညာရှင်တစ်ဦး သဲပန်းပုထုလုပ်နေသည်ကို ဇွန် ၃၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန် အပန်းဖြေဉယျာဉ်အတွင်း အပျော်စီးရထား တိုက်မိ၍ တစ်ဦးသေဆုံး

နယူးယောက် ဇူလိုင် ၂

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် ဆစ်ဖလက်အပန်းဖြေဉယျာဉ်အတွင်း၌ ဇွန် ၂၉ ရက်က ၁၇ နှစ်အရွယ် အမျိုးသားတစ်ဦး အပျော်စီးရထား တိုက်မိ၍ သေဆုံးခဲ့သည်။ ထိုလူငယ်မှာ အန္တရာယ်ရှိသောနေရာသို့ ဝင်ရောက်သွားခြင်းကြောင့် သေဆုံးရသည်ဟု အပန်းဖြေဉယျာဉ်မှ တာဝန်ရှိသူများက ပြောကြားသည်။ ထိုဆယ်ကျော်သက်အရွယ် လူငယ်မှာ တောင်ကာရိုလိုင်းနားပြည်နယ် စပရင်းဖီးလ်ဒေသမှ လာရောက်လည်ပတ်သူဖြစ်ပြီး အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသောနေရာမှ အမြင့်၆ပေခန့်ရှိသော နံရံကိုကျော်တက်ခဲ့ခြင်းကြောင့် အပျော်စီးရထားတိုက်မိ၍ ပွဲချင်းပြီး သေဆုံးသွားသည်ဟု ဆစ်ဖလက် အပန်းဖြေဉယျာဉ်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဟီလာဆချ်က ပြောကြားသည်။

ယင်းနေရာသို့ တာဝန်ရှိသူမှအပ မည်သူမျှမဝင်ရဟု သတ်မှတ်ထားပြီး ဂိတ်တံခါးလည်း သော့ခတ်ထားသည်။ ထို့ပြင် 'အန္တရာယ်ရှိသည်'ဟူသော စာတန်းလည်း ရေးထိုးကြောင်း ဆချ်က ပြောကြားသည်။ ယင်းသို့ဖြစ်ပွားချိန်၌ ထိုလူငယ်၏ မိသားစုဝင်များသည်လည်း အပန်းဖြေဉယျာဉ်အတွင်း၌ရှိနေပြီး ရဲတပ်ဖွဲ့ဝင်များ သေဆုံးရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်သည်ဟုသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၇၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

ကြေးမုံ The Mirror

မောင်မောင်ထွေး (သတင်းစဉ်)၏ သတင်းဆောင်းပါး စာမျက်နှာ - ၀၊၉

ရန်ကုန်တိုင်းအတွင်း တပ်မတော်သား အင်အား၂၀၀၀၀ ကျော်နှင့် ဧရာဝတီတိုင်းအတွင်း တပ်မတော်သား အင်အား ၂၀၀၀၀ကျော်တို့သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကာလအတွင်း ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အတူ ပါဝင်ကူညီဆောင်ရွက်ခဲ့။